ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလဆန်း ၁၄ ရက်၊ စနေနေ့(19-4-2008) (၅၆၅၃)

အတ္တသမ္မာ ပဏိဓိစ တော် မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဧပြီ ၁၈

မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်း၌ တည်ဆောက်ပြီးစီးသွားသည့် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်၊ သံဃာတော်များ စုစုပေါင်း (၂၇)ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
(၁၉-၄-၂၀၀၈)
စနေနေ့

သစ်တောသစ်ပင် နှစ်စဉ်စိုက်ပျိုး စိမ်းလန်းစိုပြည် နိုင်ငံ့စီးပွားဖွံ့ဖြိုး

“ဥတုရာသီတောကိုမှီ၏၊ တောတောင်စိမ်းမှ စမ်းရေရ၏” ဟူသည့် သစ်တောရေးရာဆောင်ပုဒ်များသည် ရာသီဥတုကို ပြုပြင်ထိန်းသိမ်းရာ၌ သစ်တောသစ်ပင်များ၏ အကျိုးသက်ရောက်မှုကို ဖော်ညွှန်းပြသနေသည်။

ကမ္ဘာတစ်ဝန်းတွင် လေထုပူနွေးလာမှုနှင့်အတူ သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ သစ်ပင်၊ ဝါးပင် သစ်တောများ ပြုန်းတီးလာသဖြင့် ရာသီဥတုမမျှမတဖြစ်လာသည်။ မြေဆီသြဇာများ ခန်းခြောက်ခြင်း၊ မြစ်ချောင်းများ ရေလျှံခြင်း၊ သဲကန္တာရဖြစ်ပေါ်လာခြင်းစသည့် သဘာဝဘေးအန္တရာယ်များကိုပါ တွေ့ကြုံနေရသည်။

ယင်းအကျိုးဆက်ဖြစ်ပေါ်မှုများကြောင့်ပင် နိုင်ငံအများအပြားတွင် သစ်ပင်များတိုးချဲ့စိုက်ပျိုးနေကြသည်။ သစ်တောများ ပြန်လည်ဖြစ်ထွန်းလာရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံအချို့တွင် သဲကန္တာရအတွင်း သစ်တောများ ဖြစ်ပေါ်လာရေး၊ သဲကန္တာရ ကျယ်ပြန့်လာမှုတားဆီးနိုင်ရေးတို့အတွက် အားထုတ်ဆောင်ရွက်နေကြရသည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများ၊ ကျွန်းအထူးစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ ယခုအခါ သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ခြောက်သွေ့ဇုန် စိမ်းလန်းစိုပြည်ရေးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအလယ်ပိုင်း ညောင်ဦးမြို့နယ် အပါအဝင် ခြောက်သွေ့ဇုန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိရာ သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများအားလုံးက သစ်တော သစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုး ထိန်းသိမ်းဆောင်ရွက်ကြခြင်းဖြင့် ရာသီဥတု ညီညွတ်မျှတပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် လှပနေမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများ ဦးမြမောင်-ဒေါ်လှရင်၊ ဦးမြသိန်း၊ ဒေါ်သန်းတို့အား ရည်စူး၍ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ချပ်သင်းစံပြကျေးရွာနေ ဦးတင်မောင်ဝင်း-ဒေါ်မြမြဇော်၊ ကိုရန်နိုင်စိုး-မမြယဉ်ဝင်း၊ ကိုထွန်းလင်းအောင်၊ မသူဇာဝင်း၊ ကိုစိုးမြင့်ဦး-မနီလာဝင်း၊ မောင်ဇော်ထွန်းဝင်း-မသန္တာအောင်၊ သားသမီးမြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (ဆိပ်ဖြူ) အရှင်ကုမာရ (M.A) (မဟာဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့သည် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် မင်းဘူးခရိုင် ငဖဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားရာ၌ နယ်မြေဒေသအတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နယ်မြေလူထုနှင့်အတူ ပူးပေါင်း၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူ ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် စေတုတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်း စေတုတ္တရာမြို့နယ်၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေး (၈)မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နွေစပါးအတွက် စိုက်ပျိုးရေ ပေးဝေရေး၊ ဓာတ်အားပေးစက်မောင်းနှင်ရေးအတွက် ရေထုတ်လွှတ်ရေးတို့ကို အသေးစိတ်မှာကြား ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် မုန်းချောင်းရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံသို့ ရောက်ရှိပြီး ပင်မဓာတ်အား ထိန်းချုပ်ခန်း၌ ကွန်ပျူတာအသုံးပြု၍ ဓာတ်အားပို့လွှတ်မှု၊ ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံရရှိမှုတို့ကို လည်းကောင်း၊ Control Panel များ၊ Switch-Board များကိုလည်းကောင်း၊ တာဘိုင်အမှတ်(၁)၊ တာဘိုင်အမှတ်(၂)နှင့် တာဘိုင်အမှတ်(၃)တို့ကိုလည်းကောင်း၊ Governor Tank (Oil) များကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံရှိ အစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးစိုးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍အမှာစကားပြောကြားပြီး ဓာတ်အားခွဲရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မုန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၃၃၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိ မင်္ဂလာပတ်လမ်းတွင် တည်ဆောက်လျက်ရှိသော မွန်ပရိယတ္တိစာသင်တိုက်နှင့် ဥပရိပါသာဒသိမ်ကျောင်းအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ နိုင်ထွန်းစိန်-မိမအေး (လပ်ကီးဖလားဝါး) မိသားစု ရွှေပြည်သာက ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၂၀ ကို မွန်ပရိယတ္တိ စာသင်တိုက် (ဗိုလ်တထောင်) ပဓာနနာယကဆရာတော်ဘဒ္ဒန္တကေသရ(မဟာဂန္ထဝါစကပဏ္ဍိတ) ထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

မိဘဦးကြည်-ဒေါ်တင်မြ(ခ)ဒေါ်ပူစီတို့အား ရည်စူး၍မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထားလျက် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရှင်သီဝလိ ၁၃ လမ်းနေ ဒေါ်ခင်စိန်နှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က-ပ)

မြတ်ရတနာ ဓမ္မစာပေသင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓ၊ ဓမ္မစာပေသင်တန်းဆောင်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၁ရက်မှ မေ ၂ ရက်အထိ နေ့စဉ်နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိနှင့် အခြေခံအဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို မေ ၃ ရက်နှင့် ၄ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မြတ်ရတနာ သင်တန်းဆရာမများက ဓမ္မဒါန ပို့ချမည်ဖြစ်သည်။ သိရှိလိုသည်များကို ဗိုလ်တထောင်စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓ၊ ဓမ္မ စာပေသင်တန်းဆောင် ရှစ်ခန်းတွဲ နောက်ဘက်နှစ်ထပ်ဆောင်၌ စုံစမ်းနိုင်ကြောင်း သိရှိရသည်။
(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုအောင်မျိုးထွန်း-မမြတ်စန္ဒီဝင်း၊ သား မင်းအောင်ဇင်၊ သမီး သဲအိဝင်း မိသားစု (ဦးဝိစာရလမ်း ဗဟန်း)က စုစုပေါင်း အလှူငွေကျပ် သိန်း ၅၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ကုန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ကြေးမုံ The Mirror နိုင်ငံတကာအားကစားသတင်း

ပေကျင်း၏ပုံရိပ်ကို ထင်ဟပ်မည့် အိုလံပစ် စေတနာ့ဝန်ထမ်းလုပ်ျဖြူများ

ပေကျင်း ဧပြီ ၁၈

၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်အားကစားပွဲတော်ကို လာမည့် ဩဂုတ်လဆန်း၌ ကျင်းပတော့မည်ဖြစ်သည်။

ယခုအခါ အိုလံပစ်ပွဲတော်တွင် ထွန်းညှိမည့် မီးရှူးတိုင်ကို ကမ္ဘာတစ်ဝန်း တိုက်ကြီးငါးတိုက်ကို ဖြတ်သန်းလျက် ရက်ပေါင်း ၁၃၀ ကြာ လက်ဆင့်ကမ်း သယ်ဆောင်လျက်ရှိသည်။

အဆိုပါ ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ဆုချီးမြှင့်မည့် အခမ်းအနားများ၌လုပ်အားပေးကြမည့် အမျိုးသမီးငယ် ၁၄၀၀ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ အမျိုးသမီးငယ် ၁၄၀၀ ကို ပေကျင်းမြို့တစ်ခွင်ရှိ ကျောင်းများမှ ကျောင်းသူလေးများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရုပ်ရည်ရူပကာ ကြည့်ပျော်ရှုပျော်ရှိပြီး ကိုယ်နေဟန်ထားသွယ်လျတင့်တယ်သူ၊ အရပ်အမောင်းအားဖြင့် ၁ဒသမ၆၅ မီတာ အနည်းဆုံးရှိပြီး အများဆုံးအရပ်အမြင့် ၁ ဒသမ ၇၈ မီတာရှိသူများကို ရွေးချယ်လေ့ကျင့်ပေးခဲ့သည်။အဆိုပါ ရွေးချယ်ထားသူ ၁၄၀၀ ကို ရက် ၂၀ ကြာ စခန်းသွင်း လေ့ကျင့်ပေးပြီး ၎င်းတို့အနက်မှ လုံမငယ် ၃၈၀ ကို နောက်ဆုံး ဆန်ခါတင်ရွေးခဲ့သည်။ ကျန်အမျိုးသမီးငယ် ၁၀၂၀ ကိုမူ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ၏ အခြားအခမ်းအနား အစီအစဉ်များတွင် ပါဝင်လုပ်အားပေးစေမည်ဖြစ်သည်။

လုပ်အားပေးကြမည့်စေတနာ့ဝန်ထမ်းကျောင်းသူလေးများကအခမ်းအနားတွင်မျက်နှာခြယ်မှုန်းပြင်ဆင်ခြင်း(အောက်ဝဲပုံ)**နှင့်ပြုံးပြုံးရွှင်ရွှင်ကိုယ်ဟန်အနေအထားမတ်မတ်ဖြင့်ဆုဗန်းသယ်ယူခြင်း**(အောက်ယာပုံ)**တို့ကိုလေ့ကျင့်သင်ကြားကြစဉ်။**

အိုလံပစ် အားကစားပြိုင်ပွဲဆုပေးပွဲတွင် ဆုဗန်းကိုင်ဆောင် ကြရမည့် လုပ်အားပေး အမျိုးသမီးငယ်များအား ဆုဗန်း၏ အလေးချိန်ပမာဏအတိုင်း သယ်ဆောင် လေ့ကျင့်ရသည်။ လျှောက်လှမ်းရာတွင် ခန္ဓာကိုယ်တည့်မတ်ဖြောင့်တန်းစွာလျှောက် လှမ်းနိုင်အောင်၊ မျက်နှာသွင်ပြင် အနေအထားကြည်သာရွှင်ပြရှိအောင် အထူးလေ့ကျင့်သင်ကြားပေးခဲ့သည်အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ကြမည့် စေတနာ့ဝန်ထမ်း**လုပ်အားပေးသူများအနေဖြင့် "လုပ်အားပေးသူများ၏အပြုံး"၊ "ပေကျင်း၏ရုပ်ပုံလွှာ"၊ "သွားမပေါ်ဘဲပြုံးပါ"**စသည့်ဆောင်ပုဒ်များနှင့်အညီ နိုင်ငံ့ဂုဏ် ဆောင် ပေကျင်း အိုလံပစ်အားကစားပွဲတော်၌ အစွမ်းကုန် ပါဝင်ဆောင်ရွက်ကြမည် ဖြစ်သည်။

သတိတရားသည် သောကမီးကိုငြိမ်းစေ၏

မီးသည် ကြီးငယ်မဟူ လောင်စာမှန်သမျှကို လောင်သွားနိုင်သော်လည်း သတိတရားလက်ကိုင်ထား၍ ဒုစရိုက်အပြစ်ကိုမြင်သော သူတော်ကောင်းသည် နည်းများမဟူ လောင်ကျွမ်းတတ်သော သံယောဇဉ်မီးကို ပယ်ဖျက်နိုင်ကာ ထာဝရအေးချမ်းမှု အမှန်ရှိသော သန္တိသုခ ပြည့်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

(ဓမ္မပဒ ၃၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်" တရားတော် (အပိုင်း-၂) [အရှင်ဇေယျပဏ္ဍိတ(ပိုင်းလော့ဆရာတော်)]
၇း၅၅ - ၁း၅၅	မြတ်နိဗ္ဗာန်သို့သွားရာ--အေးချမ်းသာယာစန္ဒကူးမြိုင်ရိပ်သာ
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	နေ့စဉ်မပျက် ဒါနဖက်(၃၆၅)ရက်
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀ - ၄း၀၀	ကလေးတို့အတွက်လက်ဆောင် (မျက်မှန်ကလေးလုပ်ကြရအောင်)
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	စိုက်ပျိုးဝေဆာတို့မြေမှာ (စတော်ဘယ်ရီပင်စိုက်ပျိုးနည်း)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	သပြေကုန်းမှရွှေအပြုံးများ
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	ACTIVITIES IN THE CITY
၁၁း၄၅ - ၅း၄၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (လိပ်ပြာဝှက်တမ်း)
၁၂း၃၅ - ၆း၃၅	လှပဒီဇိုင်းထွင် ပိုးထည်အဆင်
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Arsenal-Reading	ESPN(Live)
၈း၂၅	Fulham-Liverpool	ESPN(Live)
	Wigan-Tottenham	Star Sports(Live)
၁၀း၄၀	Blackburn-Man Utd	Star Sports(Live)
၁၁း၃၀	Middlesbrough-Bolton	ESPN(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Fiorentina-Palermo	5-Cartoon(Live)

ချန်ပီယံဖြစ်ရန် ခုနစ်မှတ်လိုသေးသည့် မန်ယူ၊ ဘလက်ဘန်းကို အနိုင်ကစားရမည် (ပရီမီယာလိဂ် ပွဲစဉ် ၃၅)

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်တွေဟာ တဖြည်းဖြည်းနဲ့ ပြီးဆုံးဖို့ နီးကပ်လာသလို ဆရာကြီး ဆာအဲလက်ဖာဂူဆန်ရဲ့ မန်ယူဟာလည်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ဖို့ နီးစပ်လာပါပြီ။ ဧပြီ ၁၉ (ယနေ့) နဲ့ ဧပြီ ၂၀ (တနင်္ဂနွေနေ့)တို့မှာ ပရီမီယာလိဂ်ပွဲစဉ် (၃၅)ကို ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ ဘလက်ဘန်းနဲ့ မန်ယူပွဲဟာ မန်ယူရဲ့ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးမယ့်ပွဲတွေထဲက တစ်ပွဲအပါအဝင်ပဲဖြစ်ပါတယ်။

မန်ယူ

ပွဲစဉ် (၃၄)အပြီးမှာ ရမှတ် ၈၀ နဲ့ ဇယားထိပ်က ဦးဆောင်နေတဲ့ မန်ယူဟာ ယနေ့ ယှဉ်ပြိုင်ကစားရမယ့် ဘလက်ဘန်းကို အနိုင်ယူပြီး ပွဲစဉ် (၃၆)မှာ ချယ်လ်ဆီးကို ဆက်လက်အနိုင်ယူနိုင်ခဲ့ပါက ပရီမီယာလိဂ်ဆုဖလားကို ရရှိတော့မှာဖြစ်ပါတယ်။ ဒါကြောင့် မန်ယူဟာ ချန်ပီယံဆုအတွက် ပထမဆုံးကျော်ဖြတ်ရမှာက အိမ်ကွင်းမာတဲ့ ဘလက်ဘန်းပါ။ အဆင့် (၉)က ဘလက်ဘန်းဟာ ယူအီးအက်ဖ်အေ ဝင်ခွင့်ရဖို့မလွယ်တော့ပါဘူး။

ဒါပေမယ့် အိမ်ကွင်းမှာ မာကျောလှတဲ့ ဘလက်ဘန်းဟာ ချန်ပီယံလမ်းကြောင်းပေါ်က မန်ယူကို အိမ်ကွင်းမှာ ဘယ်လိုဧည့်ခံမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ချန်ပီယံလိဂ်ပွဲကျပ်ရှိပေမယ့် ဒီပွဲဟာ မန်ယူအတွက် အနိုင်ရမှဖြစ်မှာပါ။

ဖာတ်သိမ်းမလှတဲ့ အာဆင်နယ်

ဇယားထိပ်မှာ အချိန်အတော်ကြာကြာ ဦးဆောင်ပြီး ခြေစွမ်းပြခဲ့တဲ့ အာဆင်ဝင်းဂါးရဲ့ အာဆင်နယ်ဟာ ယခုလက်ရှိအချိန်မှာပွဲစဉ်များမပြီးဆုံးသေးသော်လည်း ချန်ပီယံ ဆုဖလားအားလုံးကို လက်လွှတ်လိုက်ရပြီ ဖြစ်ပါတယ်။

ဒါပေမယ့် မိမိရဲ့ ဂုဏ်သိက္ခာအတွက် ဒီနေ့ အမ်းမရိတ်မှာ ဧည့်ခံကစားရမယ့် ရီးဒင်းကို အနိုင်ယူမှာတော့ သေချာပါတယ်။

ဒီတစ်ပတ်ရဲ့ ပွဲစဉ်(၃၅) အပြီးမှာ ယူအီးအက်ဖ်အေဝင်ခွင့်နဲ့ ပရီမီယာလိဂ်ကနေ တန်းဆင်းပေးရတော့မယ့် အသင်းတွေ ပိုမိုပီပြင်လာတော့မှာပါ။ အဆင့်(၄)က လီဗာပူးဟာလည်း ချန်ပီယံလိဂ်ပွဲကျပ်ရှိပေမယ့် ဖူလ်ဟမ်လိုအသင်းကိုတော့ အနိုင်ကစားနိုင်ပါတယ်။ ဒါပေမယ့် သရေကျသွားမယ်ဆိုရင်လည်း အံ့သြစရာတော့ မရှိပါဘူး။

ပရီမီယာလိဂ်ပွဲစဉ်(၃၅)တွင် ဧပြီ ၁၉(ယနေ့)၌ အာဆင်နယ်နဲ့ရီးဒင်း၊ ဝီဂန်နဲ့စပါး၊ ဝက်စ်ဟမ်းနဲ့ဒါဘီ၊ မစ်ဒယ်ဘရော့နဲ့ဘော်လ်တန်၊ ဖူလ်ဟမ်နဲ့ လီဗာပူး၊ ဘလက်ဘန်းနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဧပြီ ၂၀(တနင်္ဂနွေနေ့)တွင် ဗီလာနဲ့ ဘာမင်ဂမ်၊ နယူးကာဆယ်နဲ့ ဆန်းဒါးလန်း၊ မန်စီးတီးနဲ့ ပို့စ်မောက်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

- ပရီမီယာလိဂ်ပွဲစဉ်(၃၅) ကြိုကန်ပွဲစဉ်တွင် ချယ်လ်ဆီးက အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ် (၃၄)အပြီး ထိပ်ဆုံး ၁၀သင်းရပ်တည်မှုမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	အသင်း	ပွဲ	နိုင်	ရှုံး	သရေ	ရမှတ်
၁	မန်ယူ	၃၄	၂၅	၄	၅	၈၀
၂	ချယ်လ်ဆီး	၃၅	၂၃	၃	၉	၇၈
၃	အာဆင်နယ်	၃၄	၂၀	၃	၁၁	၇၁
၄	လီဗာပူး	၃၄	၁၈	၄	၁၂	၆၆
၅	အဲဗာတန်	၃၅	၁၈	၁၀	၇	၆၁
၆	ပို့စ်မောက်	၃၄	၁၆	၉	၉	၅၇
၇	ဗီလာ	၃၄	၁၅	၉	၁၀	၅၅
၈	မန်စီးတီး	၃၄	၁၄	၁၀	၁၀	၅၂
၉	ဘလက်ဘန်း	၃၄	၁၃	၉	၁၂	၅၁
၁၀	ဝက်စ်ဟမ်း	၃၄	၁၂	၁၄	၈	၄၄

နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ရောဝတီရဲ့ နဝရတ်လည်ဆွဲရတနာ (သို့မဟုတ်) ရောဝတီတံတား (ရတနာပုံ)

ရွှေလင်းအောင်

ရောဝတီတံတား (ရတနာပုံ)ကို ၂၀၀၈ခုနှစ်၊ ဧပြီလ ၁၁ရက်နေ့က မန္တလေးတိုင်း၊ အမရပူရမြို့မှာ အောင်မြင်စွာဖွင့်လှစ်ခဲ့ပါပြီ။ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ဂုဏ်ကျက်သရေဆောင်၊ အာရှတိုက်ရဲ့ အလှရတနာတစ်ပါးဖြစ်တဲ့ မြစ်မင်းရောဝတီရဲ့ရင်ခွင်မှာ လည်ဆွဲရတနာတစ်ကုံးထပ်မံဆင်မြန်းလိုက်တာပဲ လို့မြင်ပါတယ်။

ရောဝတီလို့ဆိုလိုက်တာနဲ့ မြန်မာနိုင်ငံတော်အတွင်း မြောက်မှတောင်အဆုံး စီးဆင်းနေတဲ့ ကိုယ်ပိုင်မြစ်ကြီးရဲ့အလှအပတွေနဲ့ မြန်မာတိုင်းရင်းသားတွေအတွက် အစဉ်အမြဲဂုဏ်ယူနေရမယ့် သမိုင်းအမွေအနှစ်တွေကို ထပ်တူမြင်ယောင်လာနိုင်ပါတယ်။ နှင်းတွေဖုံးနေတဲ့ မြောက်ဖျား မနော်မြေက မေခနဲ့ မလိခမြစ်နှစ်သွယ် ပေါင်းဆုံပြီး ခေတ်အဆက်ဆက် သမိုင်းဝင်မြန်မာမြို့တော်တွေကို ဖြတ်သန်းသွားခဲ့တဲ့ မြစ်မင်းရောဝတီဟာ တောင်ဘက်ဖျားမှာ အဖိုးတန်မြန်မာ့စပါးကျီ မြစ်ဝကျွန်းပေါ် ဒေသကို တည်ဆောက်ပေးပြီးမှ ပင်လယ်တွင်းကို ညင်သာစွာ စီးဝင်သွားခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရယ်လို့ ဖြစ်တည်ခဲ့တဲ့ မြန်မာ့သမိုင်းကြောင်းနဲ့ ရောဝတီဟာ ဘယ်အခါမှ ခွဲခြားလို့ မရတာလည်း အမှန်ပါ။ ရောဝတီဟာ မြန်မာတွေရဲ့ မြို့ပြနိုင်ငံမှသည် လက်နက်နိုင်ငံတော် (အင်ပါယာ)အထိ ထူထောင်နိုင်ခဲ့တာတွေကို ကြုံတွေ့ခဲ့ပြီးဖြစ်သလို ဂေါဝိန်ဆိပ်ကမ်းက သမိုင်းရဲ့ အမှောင်ရက်တွေမှာ တိုင်းတစ်ပါးလက်အောက် ရေတိမ်နစ် ကျရောက်ခဲ့ရတာကိုလည်း ရင်ဆိုင်ခဲ့ပြီးပါပြီ။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားညီနောင်များဟာ အသက်သွေးချွေးပေါင်းများစွာကို ရင်းနှီးပေးဆပ်ခဲ့ရပါတယ်။ ဒီလိုပေးဆပ်ခဲ့တဲ့ တိုင်းရင်းသားမျိုးချစ်တွေရဲ့ သွေးနဲ့ရေးတဲ့သမိုင်းမော်ကွန်းတွေကိုလည်း ရောဝတီမြစ်ဖျားမှသည် တောင်ဘက်စွန်းအထိ နေရာတိုင်းမှာ ရောဝတီရေစီးသံနဲ့အတူ ကြားယောင်နိုင်မှာ ဖြစ်ပါတယ်။

တကောင်းအဘိရာဇာ သာကီမျိုး မြန်မာတွေရဲ့ သမိုင်းခေတ်ဦးကို ရောဝတီကမ်းရဲ့ တကောင်းမြို့မှာ မြန်မာ့ဦးစွန်း တလူလူလွင့်ပြီး စခဲ့တာဖြစ်သလို ထေရဝါဒဗုဒ္ဓသာသနာတော်ရဲ့ အောင်လံတော်ကိုလည်း ရှင်အရဟံမထေရ်မြတ်နဲ့ မင်းမြတ်အနော်ရထာတို့ဟာ ရောဝတီမြစ်ကမ်းရဲ့ ပုဂံမြို့တော်မှာပဲ စတင်လွှင့်ထူခဲ့ပါတယ်။ မြန်မာ့မြေကို ကျူးကျော်လာတဲ့ တိုင်းတစ်ပါးနယ်ချဲ့တွေကို နောက်ဆုံးအချိန်အထိ ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်သွားတဲ့ သူရဲကောင်းစစ်သူကြီး မဟာဗန္ဓုလဟာလည်း ရောဝတီမြစ်ဝကျွန်းပေါ်ရင်ခွင်မှာပဲ အမိမြေကို ကာကွယ်ရင်း မြန်မာ့ဂုဏ်ကို ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

ဆုံးရှုံးခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိပြီးချိန်မှာလည်း နယ်ချဲ့တွေရဲ့ ခြေထိုးသွေးခွဲမှု၊ တိုင်းတစ်ပါးဝါဒဆိုးတွေရဲ့ အနှောင့်အယှက်တွေကြောင့် မြန်မာ့ဦးစွန်း မယိုင်လဲရအောင် မြန်မာတိုင်းရင်းသားတွေ ရန်းကန်ကြိုးပမ်းခဲ့ရပြန်ပါတယ်။ ဒီလိုကြိုးပမ်းခဲ့ချိန်မှာ အနက်ရောင် နယ်မြေ အခြေအနေကနေ အဖြူရောင်နယ်မြေ၊ အမာခံနယ်မြေအဖြစ် တပ်မတော်နဲ့ ပြည်သူလက်တွဲပြီး ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာဆင်နွဲနိုင်ခဲ့တာလည်း ရောဝတီရဲ့မြစ်ဝကျွန်းပေါ်ဒေသမှာပဲ ဖြစ်နေပြန်ပါတယ်။

ရောဝတီရဲ့သမိုင်းနဲ့ မြန်မာ့သမိုင်း ထပ်တူပြုနေတာကိုပြောရင်း မြန်မာနိုင်ငံရဲ့ ရင်ခွင်မှာ ရောဝတီရဲ့ တည်နေဟန်၊ အခုဖွင့်လှစ်ခဲ့တဲ့ ရောဝတီတံတား(ရတနာပုံ)ရဲ့ တည်ရှိနေပုံတွေကိုလည်း တစ်ဆက်တည်းတင်ပြပါရစေ။

မြောက်ဘက်ဆုံးမေခနဲ့ မလိခမြစ်နှစ်သွယ်မှသည် တောင်ဘက်စွန်း ပါချွန်မြစ်၊ အနောက်ဘက်စွန်း နတ်မြစ်မှသည် အရှေ့ဘက်စွန်း မဲခေါင်မြစ်အထိ မြစ်တွေနဲ့ ဝန်းရံဖွဲ့စည်းထားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့အလယ်မှာ ရောဝတီရဲ့ စီးဆင်းပုံကိုရှုကြည့်ပါ။ နိုင်ငံရဲ့ မြောက်ဘက်စွန်းမှာ စတင်စီးဆင်းခဲ့စဉ်က အရှေ့ဘက် နယ်နိမိတ်ကို နီးစပ်ခဲ့ပေမယ့် အလယ်ပိုင်းလွင်ပြင် (မန္တလေး) ရောက်တဲ့အခါ အနောက်တောင်ဘက်ဆီကို ယိမ်းလာပြီး မကွေးတိုင်းထဲမှာတော့ အနောက်ရိုးမရဲ့ အရှေ့ဘက်က စီးဆင်းသွားပါတယ်။ နိုင်ငံတော်ရဲ့ မြောက်ဘက်ဖျားမှ တောင်ဘက်ဖျားသို့ စီးဆင်းရာမှာ အရှေ့ဘက်နဲ့ အနောက်ဘက်ကမ်းက သွေးချင်းတွေကို ရောမြစ်ရေ မျှတစွာ ပေးဝေဖို့ လှပစွာ တည်နေ ဟန်လို့ ဆိုချင်ပါတယ်။

ဒီလို တည်ရှိနေတဲ့ ရောဝတီရဲ့အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကို ပေါင်းကူးဆက်သွယ်နိုင်ဖို့ အရေးကြီးတဲ့အတွက် အင်းဝတံတားကို ၁၉၂၄ ခုနှစ်ကတည်းက စတင်ဆောက်လုပ်ခဲ့ပါတယ်။ ရထားလမ်းနဲ့တစ်ဖက်တစ်ချက်မှာ ၁၀ ပေစီ အကျယ် ကားလမ်းတွေပါဝင်ပြီး ၃၉၄၈ ပေရှည်တဲ့ အင်းဝတံတားကို ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာပါ။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှာ စစ်ဒဏ်ကြောင့် တံတားရေလယ်တိုင် အမှတ် (၇)နဲ့ (၈)တို့ ပျက်စီးခဲ့ပါတယ်။ ၁၉၅၄ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ တံတားကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ၁၉၄၈ ခုနှစ်၊ နိုင်ငံ့လွတ်လပ်ရေးရပြီး ခြောက်နှစ်ကျော်မှ ရောဝတီရဲ့ တစ်စင်းတည်းသော တံတားကို ပြင်ဆင်ဖွင့်လှစ်နိုင်ခဲ့တာလို့ သမိုင်းရက်စွဲတွေက ဖော်ပြနေတာပါ။

ခေတ်ကာလများစွာကို ရောဝတီမြစ်နဲ့အတူ ဖြတ်ကျော်လာခဲ့တဲ့ အင်းဝတံတားဟာ ရာစုနှစ်ထက်ဝက်ကျော် နှစ်ပေါင်း ၆၀ကျော်မှာ မော်တော်ယာဉ်ကြီးတွေရဲ့ တန်ချိန်ကို ထမ်းဆောင်နိုင်အား လျော့ပါးလာခဲ့ပါတယ်။ ဒါ့ကြောင့် ၁၉၉၂ ခုနှစ်ကစပြီး ၁၅ တန်ကျော်တဲ့ မော်တော်ယာဉ်တွေကို ဖြတ်သန်း ခွင့်မပြုတော့ဘဲ ဇက်ရေယာဉ်တွေနဲ့ ကူးသန်းကြရလို့ ကုန်စည်စီးဆင်းမှု အဟန့်အတားကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီကာလမှာ တပ်မတော်အစိုးရအနေနဲ့ ပြည်နယ်နဲ့ တိုင်းအသီးသီးမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအထူးစီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုတွေနဲ့ သမိုင်းတစ်ခေတ် ဆန်းသစ်ချိန်ကို ရောက်လာခဲ့ပါပြီ။ ပြည်နယ်နဲ့တိုင်းအသီးသီးမှာ မြစ်ချောင်းအသွယ်သွယ်၊ တောင်အထပ်ထပ်ကို တံတားတွေဆောက်၊ လမ်းတွေဖောက်ပြီး တိုင်းရင်းသားသွေးချင်းတွေရဲ့ တွဲလက်တွေ မြဲသထက်မြဲစေဖို့ ကြိုးပမ်းအားထုတ်နေတာ ကျွန်တော်တို့ အားလုံးအသိပါ။ ဒီလိုကြိုးပမ်းအားထုတ်မှုတွေကြောင့်လည်း တစ်ချိန်တုန်းက ရောဝတီနဲ့ ပြည်ထောင်စုရဲ့တောင်တန်းမြေပြန့်တွေမှာ လက်နက်ကြီးငယ် ပေါက်ကွဲသံတွေအစား တိုင်းရင်းသားတွေရဲ့ ချစ်ကြည်ရေးတေးသံတွေလွင့်ပျံ့လာနိုင်ခဲ့ပါတယ်။

တပ်မတော် အစိုးရဟာ နိုင်ငံတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရောဝတီမြစ်ကြီးရဲ့ စလယ်ဆုံးမှာ တံတားကြီးတွေ ကူးလူးဆက်သွယ်ဖို့ ၁၉၉၄ ခုနှစ်ကတည်းက စတင်ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ဒီလို ကြိုးပမ်းမှုရဲ့ အောင်မြင်မှု အသီးအပွင့်တွေအဖြစ် ၁၉၉၇ ခုနှစ်ကစပြီး မြစ်မင်းရော ဖြတ်သန်းစီးဆင်းရာ ပြည်နယ်နဲ့တိုင်း အသီးသီးမှာ ရောဝတီမြစ်ကူးတံတားကြီးတွေကို တစ်စင်းပြီးတစ်စင်း အခုလို ဆက်တိုက် ဖွင့်လှစ်နိုင်ခဲ့ပါတယ်-

(၁) ၁၈-၉-၉၇ နဝဒေးတံတား ၄၁၈၃ ပေ ပြည်မြို့၊ ပဲခူးတိုင်း
(၂) ၁၀-၂-၉၈ မအူပင်တံတား ၂၃၆၂ ပေ မအူပင်မြို့၊ ရောဝတီတိုင်း
(၃) ၁၄-၁၁-၉၈ ဗလမင်းထင်တံတား ၂၆၈၈ ပေ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
(၄) ၁၅-၁၁-၉၉ ဗိုလ်မြတ်ထွန်းတံတား ၈၅၄၄ ပေ ညောင်တုန်းမြို့၊ ရောဝတီတိုင်း
(၅) ၄-၄-၀၁ အနော်ရထာတံတား ၅၁၉၂ ပေ ချောက်မြို့၊ မကွေးတိုင်း
(၆) ၂၄-၁၁-၀၂ ရောဝတီတံတား(မကွေး) ၈၉၈၉ ပေ မကွေးမြို့၊ မကွေးတိုင်း
(၇) ၂၃-၃-၀၃ ဒေးဒရဲတံတား ၄၀၈၈ ဒသမ ၃ ပေ ဒေးဒရဲမြို့၊ ရောဝတီတိုင်း

၂၀ ရာစုတစ်လျှောက်လုံး အာရှတိုက်ရဲ့ ကမ္ဘာကျော်ရောဝတီမြစ်ကြီးဟာ အင်းဝတံတား တစ်စင်းတည်းနဲ့သာ ရှိခဲ့ရာက ၂၀ရာစုအကုန် ၂၁ ရာစုခေတ်ဦး ဒီကနေ့ တပ်မတော်အစိုးရ ကာလမှာတော့ တံတားသစ်ကြီး (၇)စင်းနဲ့ တင့်တယ်လာနိုင်ခဲ့ပါတယ်။ အခုဖွင့်လှစ်တဲ့ ရောဝတီတံတား (ရတနာပုံ)ဟာ တပ်မတော်အစိုးရရဲ့ (၈)စင်းမြောက် ရောဝတီ မြစ်ကူးတံတားကြီးအဖြစ် တည်ဆောက်နိုင်ခဲ့တာ လည်းဖြစ်ပါတယ်။ မူလကရှိခဲ့တဲ့ အင်းဝတံတားကိုပါ ထည့်သွင်းရေ တွက်ရင် ရောဝတီတံတား (ရတနာပုံ)ဟာ (၉)စင်းမြောက် ရောဝတီမြစ်ကူးတံတား ဖြစ်တာမို့ ရောဝတီရဲ့ နဝရတ်လည်ဆွဲရတနာလို့လည်း ဆိုပါရစေ။

ရောဝတီတံတား(ရတနာပုံ)ရဲ့ တည်နေရာကိုကြည့်ရင် နိုင်ငံရဲ့ အရှေ့မြောက်ဘက်နဲ့ အရှေ့ဘက် ရှမ်းပြည်နယ်၊ အရှေ့တောင်ဘက်နဲ့ တောင်ဘက် ပြည်နယ်၊ တိုင်းအသီးသီးရဲ့ လမ်းအသွယ်သွယ် ဆုံစည်းရာ တံခါးဝသဖွယ်ဖြစ်တဲ့ ရတနာပုံမန္တလေးမြို့တော်ရဲ့ ပေါင်းကူးနေရာမှာ တည်ရှိပါတယ်။ ဒီနေရာကနေ မြောက်ဘက်ကချင်ပြည်နယ်၊ အနောက်မြောက်ဘက် ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်း တို့ကို အဓိကဆက်စပ်ပေးနေတဲ့ မဟာဗျူဟာမြောက် နေရာလည်းဖြစ်ပါတယ်။ တစ်ခါ ပြည်တွင်းက ပြည်နယ်နဲ့ တိုင်းတွေ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑

တပ်မတော် အစိုးရဟာ နိုင်ငံတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရောဝတီမြစ်ကြီးရဲ့ စလယ်ဆုံးမှာ တံတားကြီးတွေ ကူးလူးဆက်သွယ်ဖို့ ၁၉၉၄ ခုနှစ်ကတည်းက စတင်ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ဒီလို ကြိုးပမ်းမှုရဲ့ အောင်မြင်မှု အသီးအပွင့်တွေအဖြစ် ၁၉၉၇ ခုနှစ်ကစပြီး မြစ်မင်းရော ဖြတ်သန်းစီးဆင်းရာ ပြည်နယ်နဲ့ တိုင်း အသီးသီးမှာ ရောဝတီမြစ်ကူးတံတားကြီးတွေကို တစ်စင်းပြီး တစ်စင်း အခုလို ဆက်တိုက် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

❑ စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

သာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အရှေ့တောင်ဘက် အာဆီယံနိုင်ငံတွေကို ဖြတ်သန်းမယ့် အနာဂတ် အာရှလမ်းမကြီးရဲ့ ဧရာဝတီကို ဖြတ်သန်းမယ့် လမ်းကြောင်းဖြစ်နေပြန်တာလည်း တွေ့ရမှာပါ။

ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အထက်အောက် ရှေ့နောက် ကုန်စည်စီးဆင်းရေးမှာ ဧရာဝတီတံတား(ရတနာပုံ)ဟာ အင်အားကြီးမားစွာနဲ့ ကာလကြာရှည် အထောက်အကူပြုနိုင်တော့ မှာ ဖြစ်ပါတယ်။ အနောက်မြောက်ဘက် လက်ဖက်ပြည်နယ်ဖြစ်တဲ့ ချင်းပြည်နယ်က ထွက်ကုန်တွေ၊ ကလေး၊ မုံရွာ စက်မှုဇုန်က ထုတ်ကုန်တွေ၊ ကချင်ပြည်နယ်ရဲ့ သယံဇာတတွေ ရောင်းဝယ်ဖောက်ကားဖို့ ပိုမိုလွယ်ကူလာသလို အရှေ့မြောက်နဲ့ အရှေ့ဘက် ရှမ်းပြည်နယ်တစ်လွှား တောင်ဘက်ပြည်နယ်နဲ့ တိုင်းအသီးသီးက ကုန်စည်တွေရောင်းဝယ်ဖောက်ကားနိုင်မှာပါ။ မန္တလေး၊ စစ်ကိုင်းဒေသကြီးတွေရဲ့ အနာဂတ်ကို မှန်းဆကြည့်ရင် သတင်းနဲ့နည်းပညာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းအစရှိတဲ့ ကဏ္ဍအသီးသီးမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများစွာ ရှိနေတဲ့ ဒေသကြီးများအဖြစ် တွေ့မြင်နိုင်ပါတယ်။

ဒီလိုမဟာဗျူဟာမြောက် အရေးပါတဲ့ ဧရာဝတီ(ရတနာပုံ) တံတားကြီးပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ယခင်တည်ဆောက်ခဲ့ပြီးတဲ့ လမ်း၊ တံတားကြီး၊ ငယ်တွေကို ဖော်ဆောင်ခဲ့သလိုပဲ အထူးဂရုပြုလမ်းညွှန်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးရဲ့ လမ်းညွှန်မှုနှင့်အညီ လိုအပ်တဲ့ လေ့လာမှုတွေပြုလုပ်ပြီး (၂-၆-၁၉၉၉)နေ့က ကျင်းပတဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အတည်ပြုချက်အရ ဧရာဝတီတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူစီစဉ်ခဲ့ပါတယ်။

တံတားအူကြောင်းရှာဖွေခြင်း၊မြေစမ်းသပ်ခြင်း၊မြေငလျင်ကြောဆိုင်ရာလေ့လာဆန်းစစ်ခြင်း၊ ပြည်ထောင်စုတစ်ဝန်းမှာ ဆောက်လုပ်ခဲ့ပြီးသမျှ တံတားကြီးငယ်တွေပေါင်းစပ်ပြီး မြန်မာအင်ဂျင်နီယာများအနေနဲ့ အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးမှုတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ တံတားပုံစံထုတ်လုပ်ခြင်း စတဲ့ အင်ဂျင်နီယာလုပ်ငန်းတွေ စနစ်တကျအဆင့်ဆင့်ဆောင်ရွက်ခဲ့ပါတယ်။ (၃၀-၁၀-၂၀၀၀)နေ့ကစပြီး အဆင့်ဆင့်ကြိုးပမ်းတည်ဆောက်ခဲ့မှုရလဒ် အဖြစ် ဒီနေ့မှာတော့ စုစုပေါင်းအလျား ၅၆၁၄ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၉ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင်၆ပေစီရှိပြီး တန်၆၀ မော်တော်ယာဉ် ကြီးတွေသွားလာနိုင်တဲ့ အပေါ်ထည်သံမဏိ သံပေါင်ခုံးတံတား၊ အောက်ထည် သံကူကွန်ကရစ်နဲ့ ဧရာဝတီ(ရတနာပုံ) တံတားသစ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါတယ်။

ဒီလိုပေါ်ထွန်းလာခဲ့တဲ့ ဧရာဝတီတံတား(ရတနာပုံ)ရဲ့ အရှေ့ဘက်ရောအနောက်ဘက်မှာပါ ရှုမျှော်ရင် သာသနာ့သမိုင်းဝင် အဓိကရ နေရာတွေကို တွေ့မြင်နိုင်ပြန်ပါတယ်။ ထေရဝါဒီမြန်မာ ရဟန်းတော်များရဲ့ ပရိယတ္တိစာပေခရီးဖြတ်သန်းကြရာမှာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး တည်ထားခဲ့တဲ့ ရတနာပုံမန္တလေးမြို့ကို ခြွင်းချန်ထားလို့မရစကောင်းတာ အားလုံးအသိပဲဖြစ်ပါတယ်။ မဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်တော်၊ ရန်ကင်းတောင်တော်ထက်က သာသနိက အဆောက်အအုံတွေ၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး (ကျောက်ထက်အက္ခရာတင် ပိဋကတ်သုံးပုံ)နဲ့ သံဃာတော် ပေါင်းများစွာ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများတည်ရှိရာ မန္တလေးမြို့ဟာ ရတနာသုံးပါးပွင့်ထွန်းရာ မြန်မာနိုင်ငံရဲ့ထေရဝါဒသာသနာကို ကိုယ်စားပြုလျက်ရှိနေပါတယ်။

ဒီနေရာကနေ ဧရာဝတီတံတား(ရတနာပုံ)ကိုဖြတ်ကူးပြီး အနောက်ဘက်ကမ်းကိုရောက်ရင် ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံအားထုတ်နေတဲ့ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်း မွေ့လျော်ရာ စစ်ကိုင်းတောင်တော်ကို ရောက်မှာပါ။ စစ်ကိုင်းတောင်ရဲ့ဆွမ်းဦးပုညရှင်ကပဲဖြစ်ဖြစ်၊ ပတ္တမြားတောင်ကပဲဖြစ်ဖြစ် ဆက်ပြီးရှုမျှော်ရင် ကောင်းမှုတော်ဘုရားကြီးကို ဖူးတွေ့နိုင်သလို အနောက်မြောက်မြို့တော် သလ္လာဝတီကို ခရီးဆက်ရင်တော့ ပေပေါင်း ၄၂၄ ပေမြင့်တဲ့ ကမ္ဘာ့အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာ ဗောဓိတစ်ထောင်နဲ့ အလောင်းတော်ကဿပ သာသနာ့နယ်မြေတွေကို ဖူးမြော်နိုင်ပါတယ်။ ပဋိပတ္တိသာသနာတော်မှာ နေလို၊လလိုထင်ရှားတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ လယ်တီစံကျောင်းတော်ဟာလည်း အနောက်မြောက်မြို့တော် မုံရွာရောက်ရင် ဗုဒ္ဓဘာသာဝင်တိုင်း မရောက်မဖြစ် ဖူးမြော်ဦးခိုက်ရမယ့် နေရာတစ်ခုပါ။ အခုလို နိုင်ငံတော်ရဲ့ သာသနာမြေတွေ၊ တည်နေရာတွေ ဆက်စပ်ပေးမှုကိုကြည့်ရင် ဧရာဝတီတံတား(ရတနာပုံ)ဟာ ပရိယတ္တိသာသနာမြေနဲ့ ပဋိပတ္တိသာသနာနယ်မြေ နှစ်ခုရဲ့ သာသနာ့ပေါင်းကူးတံတားကြီးအဖြစ်လည်းရှုမြင်နိုင်ကြပါတယ်။

အချုပ်ကိုဆိုပါမယ်-

- **ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရှိရာမြေနဲ့ ကမ္ဘာ့အမြင့်ဆုံး ရုပ်ပွားတော်ကြီးရှိရာ သာသနာနယ်မြေနှစ်ခုရဲ့ ပေါင်းကူး ဧရာဝတီတံတား(ရတနာပုံ)**
- **ပြည်ထောင်စုကြီးရဲ့ ပြည်နယ်နဲ့တိုင်းအသီးသီးလည်ချင်းယှက်၊ လက်ချင်းဆက်ဖို့ ထပ်မံအားဖြည့်ပေးတဲ့ မြစ်မင်း ရောရဲ့ နဝရတ် လည်ဆွဲရတနာ ဧရာဝတီတံတား(ရတနာပုံ)**
- **တိုင်းရင်းသားညီနောင်များရဲ့ ချစ်ကြည်ရေးတေးသံတွေ လွှင့်ပျံ့နေတဲ့ ဧရာဝတီရဲ့ အောင်ပွဲတွေကို အမျိုးမျိုးအဖုံဖုံသက်သေပြနေတဲ့ ဧရာဝတီတံတား(ရတနာပုံ)အဖြစ် ဌားဌားစွင့်စွင့် ဝင့်ကြွားစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။ ။**

*** ကျောဖုံးမှ**

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ရက် နံနက်၉နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းရီနှင့် ဦးအားလယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစိုင်းရီက အဖွင့်အမှာစကား ပြောကြားပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်ဦးအားလယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင်တို့က အသီးသီး အမှာစကားပြောကြားကြသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ချင်းပြည်နယ် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၀ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်အေးက အမှာစကားပြောကြားသည်။ ထို့နောက် ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်က ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သဘာပတိ ဦးတင်အေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်အေး၊ ဦးစောဝင်းအောင်၊ ဒေါက်တာ မှုထန်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ချင်းဦးစီးအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် မဲရုံနမူနာနှင့် မဲဆန္ဒပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဝယ်ယူဖတ်ရှုနိုင်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်များကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဘာပတိပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်ဦးစိုင်းရီပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရိုင်၊မြို့နယ်၊ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှ တစ်ပါး အခြားမရှိပါ

မောင်အောင်
(မွေး/ကု)

ကျွန်တော့်ကို ၁၉၅၃ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ကျွန်တော် သိတတ်စအရွယ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရသည်ဟု ကြားသိရပါသည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင်သိမ်းသည်ဟု သိရပါသည်။ ကျွန်တော်တို့မြို့ရှိ ပြည်သူ့ဆိုင်များတွင် အရောင်းစာရေးများခန့်အပ်ပြီး ရောင်းဝယ်ကြသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုဇယား၊ ကုန်ဝယ်စာအုပ်ဖြင့် ဝယ်ကြရသည်ကို မှတ်မိပါသည်။

အဲဒီအချိန်က ကျောင်းသားတစ်ယောက်၊ လူငယ်တစ်ယောက်အနေဖြင့် ကျွန်တော်အမှတ်မိဆုံး ရင်တွင်းအစွဲဆုံးအရာမှာ "လူရည်ချွန်ဆု" ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ကျောင်းတွင် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံထူးချွန်သည့် ကျောင်းသူ၊ ကျောင်းသားများအား ပညာရေးဝန်ကြီးဌာနမှ "လူရည်ချွန်ဆု" ရွေးချယ်ချီးမြှင့်ပြီး နွေရာသီကျောင်းပိတ်ရက်တွင် "ငပလီ" နှင့် "အင်းလေးခေါင်တိုင်"ရှိ အပန်းဖြေစခန်းများသို့ စေလွှတ်၍ အပန်းဖြေစေခြင်း ဖြစ်ပါသည်။

(၇)တန်းမှ (၁၀)တန်းအထိ တစ်ခရိုင်လုံး ဝင်ရောက်ယှဉ်ပြိုင်စေပြီး တစ်တန်းလျှင်တစ်ယောက် ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်တွင် ကျောင်းသားအင်အားအရ နှစ်တန်းလျှင်တစ်ယောက် ရွေးချယ်ပါသည်။ "လူရည်ချွန်"ဆုကို ကျွန်တော်တို့ တန်ဖိုးထားပါသည်။ ရရှိရန် ကြိုးစားခဲ့ကြသည်။ ကျောင်းသားဘဝက ကျွန်တော်၏ အန္တိမ ရည်မှန်းချက်သည် "လူရည်ချွန်" ဆု ရရှိရေးပင်။

၁၉၇၄ခုနှစ်၊ ကျွန်တော်တို့တက္ကသိုလ် ပဉ္စမနှစ်တွင် "နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ"ကို ယခုကဲ့သို့ပင် ပြည်လုံးကျွတ် ဆန္ဒခံယူပြီး အတည်ပြု ပြဋ္ဌာန်းသည်နှင့် ကြုံပါသည်။ တက္ကသိုလ်ကျောင်းသားကြီးများဖြစ်၍ "နိုင်ငံတော် ပြည်အရေး"တွင် ကျွန်တော်တို့ စိတ်ဝင်စားနေပါပြီ။ အသစ်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တို့ စိတ်ဝင်စား၍ လေ့လာပါသည်။ ၁၉၄၇ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ပါလီမန်ဒီမိုကရေစီကို အခြေခံပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာမူ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံ၍ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သိရသလောက် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံတော်လွတ်လပ်ရေးမရရှိမီ ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို အခြေခံ၍ ရေးဆွဲရခြင်းဖြစ်သဖြင့် ချို့ယွင်းချက်၊ အားနည်းချက်၊ ပျော့ကွက်ဟာကွက်များရှိခဲ့ပါသည်။ အဓိက ပျော့ကွက်မှာ (၁၀)နှစ်ပြည့်လျှင် ပြည်နယ်များ ခွဲထွက်နိုင်သည်ဟူသော ဖက်ဒရယ်မူဖြစ်ပါသည်။ ထိုအချိန်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲခဲ့ရသည့် တာဝန်ရှိသူများသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရရှိရေးကို အဓိကထား၍ ကြိုးပမ်းခဲ့ကြရင်း တိုင်းရင်းသားပဒေသရာဇ်အချို့၏ အကြိုက်လိုက်ကာ ဤဥပဒေကို ဖြစ်မြောက်အောင် ရေးဆွဲခဲ့ရခြင်းဖြစ်ပါသည်။

အလားတူပင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ထိုအချိန်က တည်ရှိနေသည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်စောင့်ရှောက်ရန် အခြေခံ၍ရေးဆွဲထားခဲ့ပြီး ထိုအချိန်က တည်ရှိခဲ့သည့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ်အတွက်သာ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည့် ယနေ့ အချိန်အခါတွင် ၁၉၇၄ခုနှစ်က ဖွဲ့စည်းပုံအခြေခံ ဥပဒေသည်လည်း ခေတ်စနစ်နှင့် အံဝင်ခွင်ကျမရှိနိုင်တော့ပါ။

မြန်မာပြည်သူတို့အနေဖြင့် တစ်ပါတီစနစ်ကို လက်မခံနိုင်တော့ဘဲ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို မလိုလားတော့သည့် အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ပါသည်။ ထို့ကြောင့် တစ်ပါတီစနစ် ကျဆုံးခဲ့ရပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ချုပ်ငြိမ်းခဲ့ရပါသည်။

အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းသွားခဲ့ပါပြီ။အသစ်အသစ်တို့ ဖြစ်တည်၍ လာရပါမည်။ မြေအုတ်တို့နေရာတွင် ကျောက်အုတ်၊ သံမဏိအုတ်တို့ဖြင့် အစားထိုးရန် လိုအပ်လာပါပြီ။

ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံတော် မပြိုကွဲရေးအတွက် တိုင်းရင်းသားများ ထာဝစဉ်စည်းလုံးညီညွတ်နေရန် လိုအပ်ပါသည်။ သို့မှသာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည် ဖြစ်ပါသည်။

ဆိုရှယ်လစ်စနစ်၊ ပါလီမန်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဘာစနစ်မှာပဲဖြစ်ဖြစ် ဒို့တာဝန်အရေးသုံးပါးသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အထူးအရေးကြီးပါသည်။ ကျွန်တော်တို့ ပြည်သူအပေါင်း၏ အသည်းနှလုံးတွင် ထာဝစဉ် ကိန်းအောင်းနေရပါမည်။

ယခု ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူ အတည်ပြုတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လူတန်းစားအလွှာပေါင်းစုံကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်တို့ဖြင့် အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ပေါ်ပေါက်ပြီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ချို့ယွင်းချက်၊ အားနည်းချက်များအပေါ် သင်ခန်းစာရယူပြီး အသေးစိတ်ပြုပြင်ရေးဆွဲ ခဲ့ခြင်း ဖြစ်ပါသည်။

ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ယခုခေတ် ယခုအခြေအနေတွင် ရှိနေသည့် ပကတိအရှိတရားကို အခြေခံပြီး ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးများကိုသာ ရွေးချယ်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

> ပြီးခဲ့သည့်အခြေခံဥပဒေနှစ်ရပ်၏ ချို့ယွင်းချက် အားနည်းချက်များကို သင်ခန်းစာယူ ပြုပြင်ရေးဆွဲထားပြီး ယခုခေတ် ယခုအခါနှင့် လိုက်လျောညီထွေမှု အဖြစ်ဆုံးနှင့် အကောင်းဆုံးဖြစ်သော၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့် ပြည့်စုံစွာပါဝင်လျက်ရှိသော၊ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာတည်းဟူသောအမည် ထာဝစဉ်တည်တံ့ရေးအတွက် ဘက်ပေါင်းစုံ အာမခံချက် ပြည့်ဝလျက်ရှိသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အား ကျွန်တော်တို့ ပြည်သူအားလုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲ ပေး၍ အတည်ပြုရုံ "မှ တစ်ပါး အခြားမရှိ"ပါ။

သာမန်ပြည်သူတစ်ဦးဖြစ်သည့် ကျွန်တော်ယုံကြည်သည်မှာ သမိုင်းမော်ကွန်းတင်ရစ်မည့် ဤအခြေခံဥပဒေကို အဘက်ဘက်မှ အလေးထားအချိန်ယူ ရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူတွေအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံးသာ ဖြစ်ပါလိမ့်မည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် အတည်ပြုရေးအတွက် ပြည်သူများနှင့်အတူ ဆန္ဒမဲ မကြာမီပေးရတော့မည့် ကျွန်တော်သည်လည်း မျက်စိစုံမှိတ်၍ ဆန္ဒမဲမပေးလိုပါ။ သို့ဖြစ်၍ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို လေ့လာမိပါသည်-

- ✪ **အခြေခံဥပဒေသစ်တွင် နိုင်ငံတော် တည်ဆောက်ပုံ အခြေခံမူအရ ခွဲထွက်ခြင်းကို လုံးဝတားမြစ်ထားသဖြင့် ပြည်ထောင်စု မပြိုကွဲရေး အာမခံချက် ပါရှိပြီးဖြစ်ပါသည်။**
- ✪ **အခြေခံဥပဒေသစ်တွင် အာဏာသုံးရပ် ပိုင်းခြားပေးပြီး အပြန်အလှန် ထိန်းကျောင်းသော စနစ်အရ အုပ်ချုပ်ရေးတာဝန်ခံသမ္မတ၊ ဥပဒေပြုရေးတာဝန်ခံ ပြည်ထောင်စုလွှတ်တော်၊ တရားစီရင်ရေးတာဝန်ခံ ပြည်ထောင်စု တရားရုံးချုပ်တို့သည် အာဏာရှင် သုံးယောက် ဖြစ်မလာနိုင်၊ တစ်ဦးတည်း အာဏာချုပ်ကိုင်မှု စနစ်ကိုလည်း တားမြစ်ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။**
- ✪ **အခြေခံဥပဒေသစ်တွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော် တစ်ခုတည်းသာမက ပြည်နယ်လွှတ်တော်(၇)ခု၊ တိုင်းဒေသကြီးလွှတ်တော်(၇)ခုတို့ ကလည်း ဥပဒေပြုခွင့်များ ရရှိကြသည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူများ အချုပ်အခြာအာဏာကို ကိုယ်တိုင်ကျယ်ပြန့်စွာ ကိုင်တွယ်အသုံးပြုနိုင်၍ ဒီမိုကရေစီပုံစံကျသည်ဟု သတိပြုမိပါသည်။**
- ✪ **အခြေခံဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပိုမိုကျယ်ပြန့်စွာ ပါဝင်လျက် အချုပ်အခြာအာဏာရပ်ကို ကျင့်သုံးနိုင်ခွင့်ရကြမည် ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါသည်။**
- ✪ **အခြေခံဥပဒေသစ်တွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော လွတ်လပ် ကျယ်ပြန့်သည့် ဈေးကွက်စီးပွားရေးစနစ် ချမှတ်ပေးခြင်း၊ နိုင်ငံတွင်းမှ တိုင်းရင်းသား စီးပွားရေးအင်အားစုများကို ပါဝင်ဆောင်ရွက် ခွင့်ပြုခြင်း၊ ပြည်သူ့အကျိုးစီးပွားကာကွယ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်း၊ နိုင်ငံသုံးငွေကြေးများကို တရားမဝင် မကြေညာဟု အာမခံကာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ယုံကြည်မှု ရှိစေခြင်းဖြင့် နိုင်ငံစီးပွားတိုးတက်ရေး ရှေးရှုသော အမျိုးသား စီးပွားရေးပုံစံအဖြစ် ရှုမြင်သုံးသပ်မိပါသည်။**
- ✪ **နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ အခြေခံဥပဒေသစ်တွင် မြန်မာက မည်သည့်နိုင်ငံကိုမှ စတင်မကျူးကျော်၊ နိုင်ငံတော်အတွင်းမည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု မူချထားခြင်းဖြင့် မြန်မာ့ နိုင်ငံခြားရေးမူဝါဒကို ပိုင်နိုင်ခိုင်မာ အဓိပ္ပာယ် ပြည့်ဝစေသည်ဟု သုံးသပ်မိပါသည်။**

ကျွန်တော်လေ့လာသိရှိရသလောက် အခြေခံဥပဒေသစ်တွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့် ပြည့်စုံစွာပါရှိသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ **ပြီးခဲ့သည့်အခြေခံဥပဒေနှစ်ရပ်၏ ချို့ယွင်းချက် အားနည်းချက်များကို သင်ခန်းစာယူ ပြုပြင်ရေးဆွဲထားပြီး ယခုခေတ် ယခုအခါနှင့် လိုက်လျောညီထွေမှု အဖြစ်ဆုံးနှင့် အကောင်းဆုံးဖြစ်သော၊ နိုင်ငံသားတို့၏ မူလအခွင့် အရေးများ ပိုမိုကျယ်ပြန့် ပြည့်စုံစွာပါဝင်လျက်ရှိသော၊ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာတည်းဟူသော အမည်ထာဝစဉ် တည်တံ့ရေးအတွက် ဘက်ပေါင်းစုံအာမခံချက် ပြည့်ဝလျက်ရှိသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ကျွန်တော်တို့ ပြည်သူအားလုံးက တစ်ခဲနက် ထောက်ခံဆန္ဒမဲပေး၍ အတည်ပြုရုံ "မှတစ်ပါးအခြားမရှိ"ပါ**ဟုထင်မြင်ယူဆပါသည်။ ။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

✳ ရွှေဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန မှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ မန္တလေး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေ၊ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာန များမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် တာဝန် ရှိသူများ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဇီဝိတ ဒါန သံဃာ့ဆေးရုံ(မန္တလေး) ဆေးရုံ အုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီး များ၊ ဆရာဝန်များ၊ သူနာပြုများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ် ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနား မှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရ က ဆောင်ရွက်ပြီး အခမ်းအနားအစီ အစဉ်များကို ဖတ်ကြားလျှောက်ထား တင်ပြသည်။

အစီအစဉ်အရ နမောတဿ သုံး ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် ဩဝါဒ စရိယ ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက် သစ် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယ မဟာထေရ်ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူ မြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့် တော်မူသော မေတ္တာသုတ်ပရိတ်တရား တော်ကို နာယူကြသည်။

လျှောက်ထား

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက သာသနာရေးဆိုင်ရာများကို လျှောက် ထားရာတွင် မန္တလေး ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ရေစက်ချအလှူ တော်မင်္ဂလာအခမ်းအနားသို့ကြွရောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ချီးမြှင့်တော်မူကြကုန်သော နိုင်ငံ တော် ဩဝါဒါစရိယ ဆရာတော်ကြီး များ၊ မန္တလေးတိုင်း သံဃနာယက ဆရာတော်ကြီးများ အမှူးပြုသည့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)၏ ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များကို ယခုကဲ့သို့ စုံစုံ ညီညီ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်း လန်း ဖူးမြော်ခွင့်ရရှိသည့်အတွက် ကုသိုလ်မင်္ဂလာတရား တိုးပွားရပါ ကြောင်းကို ရှေးဦးစွာ လျှောက်ထား အပ်ပါကြောင်း။

မြတ်စွာဘုရားသည် ရဟန်းတော် များအား အလှူခံယူခွင့်၊ သုံးဆောင် နိုင်ခွင့်ရှိသည့် ပစ္စည်းလေးပါးကို ခွင့်ပြုရာ၌ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူ၍ ခွင့်ပြုတော်မူခဲ့ပါကြောင်း။

ထို့အပြင် မကျန်းမာသည့် ဂိလာန သံဃာတော်များအား ဆေးဝါးကုသ ကြရန်၊ ပြုစုစောင့်ရှောက်ကြရန် ညွှန် ကြားတော်မူရုံသာမက ကိုယ်တော် တိုင်လည်း သူနာပြုစုခြင်းဖြင့် လက် တွေ့ နမူနာကောင်းပြသခဲ့ပါကြောင်း၊ တိဿ အမည်ရှိသော ရဟန်းကြီး တစ်ပါးမှာ အညစ်အကြေးများပေကျံ လိမ်းကျံလျက် အိပ်ရာထဲ လဲနေသည် ကို မြတ်စွာဘုရားရှင် တွေ့မြင်တော်မူ သဖြင့် ကိုယ်တော်တိုင် ရေနွေးဖြင့် ဆေးကြောသုတ်သင်ပြီး ပြုစုတော်မူခဲ့ ကြောင်း၊ မကျန်းမာသည့် ဂိလာန သံဃာတော်များကို ဆေးဝါးကုသပြုစု စောင့်ရှောက်ခြင်းသည် မြတ်စွာ ဘုရားရှင်အား လုပ်ကျွေးပြုစုရာ ရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာ သည့် ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ် ကျွေးရမည်ဖြစ်ကြောင်း ဟောကြား တော်မူခဲ့သည်ကို လေ့လာမှတ်သားရ ဖူးပါကြောင်း။

ဩဝါဒချီးမြှင့်

သံဃာတော်များသည်လူဝတ်ကြောင် များနှင့် အတူတကွ တစ်မိုးတစ်ရံ တည်း အိပ်စက်ပါက အာပတ်သင့်နိုင် သောကြောင့် ဝိနယဂရုက ဆရာတော် ကြီးများသည် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူရာ၌ အာပတ်သင့် ခြင်း အပြစ်မှ ကင်းလွတ်စေရန် သံဃာ့ဆေးရုံများကို သီးခြား အဆောက်အအုံ ဆောက်လုပ်လှူဒါန်း ကြရန် ဩဝါဒ ချီးမြှင့်တော်မူကြပါ ကြောင်း။

၂၀၀၇ ခုနှစ် ဧပြီလတွင် နိုင်ငံ တော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပြင်ဦးလွင် ခရီးစဉ်၌ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် တောင်ကြီး စသည့် ဒေသများတွင် သံဃာ့ဆေးရုံများ ရှိနေပြီးဖြစ်၍ မန္တလေး၌ရှိပြီးဖြစ်သည့် သံဃာ့ဆေးရုံ ကြီး၌ ဆရာတော် သံဃာတော်များ၊ သီလရှင်များ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသပေးနိုင်မှု အခြေအနေကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး အား မေးမြန်းခဲ့ရာ မန္တလေးမြို့၌

မန္တလေးတိုင်း သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြဲတောင်တိုက် ရွှေဝါဝင်း ကျောင်းဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ ကသမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

ဒေသများရှိ သံဃာတော်များ၊ သီလရှင်များ သီတင်းသုံးနေထိုင်မှု အခြေအနေမှာ မန္တလေးမြို့ပေါ်တွင် သံဃာတော် ၄၄၀၀၀ ကျော်နှင့် သီလရှင် ၃၄၀၀ကျော်၊ အမရပူရမြို့ တွင် သံဃာတော် ၅၀၀၀ ကျော်နှင့် သီလရှင် ၃၀၀ ကျော်၊ စစ်ကိုင်းမြို့ ပေါ်၌ သံဃာတော် ၅၇၀၀ ကျော်နှင့် သီလရှင် ၅၀၀၀ ကျော် ရှိနေပြီး မန္တလေးတိုင်းတစ်တိုင်းလုံးအနေဖြင့် သံဃာတော် ၁၁၃၀၀၀ နီးပါးနှင့် သီလရှင် ၆၃၀၀ကျော်၊ စစ်ကိုင်းတိုင်း တစ်တိုင်းလုံးအနေဖြင့် သံဃာတော် ၅၃၄၀၀ နီးပါးနှင့် သီလရှင် ၇၅၀၀ ကျော်ရှိပါကြောင်းကို တိုင်းမှူးက တင်ပြခဲ့ပါကြောင်း။

တိုင်းမှူး၏ တင်ပြချက်အပေါ် နိုင်ငံတော်အကြီးအကဲက လက်ရှိ ခုတင်(၄၀)ဆံ့သံဃာ့ဆေးရုံကြီးအပြင် ဆရာတော် သံဃာတော်များ၊သီလရှင် များအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် သံဃာ အပါး ၂၀၀ ခန့်နှင့် သီလရှင်အပါး ၅၀ ခန့်ကို ဝိနည်းတော်နှင့်အညီ အတွင်းလူနာအဖြစ် လက်ခံကုသ ပေးနိုင်မည့် ပရဟိတ သံဃာ့ဆေးရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေသခံစေတနာရှင်များ ကမကထပြု တည်ဆောက်ထားရှိသော ခုတင် (၄၀)ဆံ့ သံဃာ့ဆေးရုံ တစ်ခုရှိပြီး ဆရာတော်၊ သံဃာတော်များအား ဆေးဝါးကုသမှု ပေးလျက်ရှိကြောင်း၊ လက်ရှိ သံဃာ့ဆေးရုံသည် မြေ အကျယ်အဝန်း ခုနစ်ဧကခန့်ရှိပြီး ထပ်မံတိုးချဲ့ရန် အခက်အခဲရှိပါကြောင်း၊ ဆေးရုံ၌ ပြင်ပလူနာအနေဖြင့် လစဉ် အနည်းဆုံး သံဃာအပါး ၂၀၀ ကျော်မှ အများဆုံး အပါး ၅၀၀ခန့်၊ အတွင်းလူနာအနေဖြင့် နေ့စဉ် အနည်းဆုံးသံဃာလေးပါးမှအများဆုံး အပါး ၆၀ကျော်ခန့်အထိ လက်ခံကုသ ပေးလျက်ရှိပါကြောင်း၊စစ်ကိုင်း၊မန္တလေး တစ်ရုံ ဆောက်လုပ်ရန် သင့်လျော် မည့် ဧက ၄၀ ဝန်းကျင်ရှိ မြေနေရာ တစ်နေရာ ရွေးချယ်တင်ပြရန်နှင့် ဆေးရုံပုံစံများ ရေးဆွဲတင်ပြရန် တပည့်တော်တို့အား တာဝန်ပေးအပ်ခဲ့ ပါကြောင်း၊ ယင်းတာဝန်ပေးချက်အရ တိုင်းမှူးက စစ်ကိုင်း၊ မန္တလေး၊ အမရပူရတို့နှင့် သွားလာရေးလွယ်ကူ သည့်အပြင် ကျန်းမာရေးနှင့်ညီညွတ် သည့် သဘာဝပတ်ဝန်းကျင်နှင့် နေရာ ကျယ်ကျယ်ဝန်းဝန်း လုံလုံ လောက်လောက်ရှိပြီး ဆေးရုံတစ်ခု အဖြစ် အေးအေးချမ်းချမ်း ဆေးဝါး ကုသမှု ခံယူနိုင်မည့် ယခုမြေနေရာ အပါအဝင် မြေနေရာ သုံးနေရာ ကို ရွေးချယ်တင်ပြခဲ့ရာ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဤမြေနေရာ ကို ကွင်းဆင်းကြည့်ရှုကာ လိုအပ် သည်များကို ညွှန်ကြား၍ စစ်ကိုင်း၊ မန္တလေး၊ အမရပူရတို့နှင့် အနီး စပ်ဆုံး နေရာဖြစ်သည့် ယခုနေရာ ကို အတည်ပြုပေးခဲ့ပါကြောင်း။

ပံ့ပိုးကူညီ

ဆေးရုံတည်ဆောက်ရေး လုပ်ငန်း များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲ မှုဖြင့် သက်ဆိုင်ရာအစိုးရဌာနများနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မြို့မိ မြို့ဖ စေတနာရှင် များက လိုအပ်သည့်ပစ္စည်းများ ပံ့ပိုး ကူညီပေးကြ၍ ဤမန္တလေး ဇီဝိတ ဒါန သံဃာ့ဆေးရုံကြီးကို တည် ဆောက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

အဓိကအားဖြင့် ဆရာတော် သံဃာတော်ကြီးများအနေဖြင့် လူ ပုဂ္ဂိုလ်များ၏ ဆေးရုံများတွင် တက် ရောက်ပြီး တစ်မိုးတစ်ရံအောက်၌ ဆေးဝါးကုသမှုခံယူရာ၌ ဝိနည်းတော် အရ အာပတ်သင့်မည်ကို စိုးရိမ်တော်မူ ကြသဖြင့် မကျန်းမာသော်လည်း ဆေးဝါးကုသမှုခံယူရန် ဝန်လေးနေ ကြသည့် အခြေအနေကို နိုင်ငံတော် အကြီးအကဲကသိရှိပြီး အဆိုပါလိုအပ် ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးအတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

❑ စာမျက်နှာ ၇ မှ

ဤဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး)ကို တည်ထောင်ပေးရန် စေတနာသဒ္ဓါတရား ထက်သန်စွာ စီစဉ်စီမံခဲ့ခြင်း ဖြစ်ပါကြောင်း။

ဝိနည်းတော်နှင့် ညီညွတ်

ဤ ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး)သည် မန္တလေး၊ စစ်ကိုင်း ဒေသများအပြင် လိုအပ်ပါက အထက်မြန်မာပြည်မှ ဆရာတော် သံဃာတော်များ၊ သီလရှင်များကို စိတ်အေးချမ်းစွာ၊ ဝိနည်းတော်နှင့် ညီညွတ်စွာ အထူးကုဆရာဝန်ကြီး များဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ကြ စေရန်နှင့် အခြား အထူးကုဆေးရုံ ကြီးများတွင် ဆေးကုသမှုခံယူရန် လိုအပ်ပါကလည်း ဤဆေးရုံ၌ အခြေပြုလျက် ဆေးကုသမှုခံယူနိုင် ကြစေရန် ရည်ရွယ်ပါကြောင်း။

ယင်းရည်ရွယ်ချက်များ ပြည့် မြောက်စေရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ စေတနာရှေ့ထား စီမံဆောင်ရွက်ပေးမှုများကြောင့် ဤ ဆေးရုံကြီးကို တည်ဆောက်နိုင်ခဲ့ သည်ဖြစ်ရာ ယခုမြေနေရာတွင် မြေပြုပြင်မှုနှင့် တည်ဆောက်မှု လုပ်ငန်းများကို ၂၀၀၇ ခုနှစ် ဇူလိုင် လမှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ဆေးရုံတည်ဆောက်ရေးအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများ နှင့် ဒေသခံ မြို့မိ မြို့ဖများက သဒ္ဓါ တရားအပြည့်ဖြင့် မိမိတို့တတ်စွမ်း သမျှ ဝိုင်းဝန်းကူညီပေးခဲ့ကြကြောင်း၊ ဆေးရုံကြီး တည်ဆောက်ရေးကို ဆေးရုံများတည်ဆောက်ရာ၌ အတွေ့ အကြုံရှိသည့် ဒေင်အုပ်စုကုမ္ပဏီလီမိ တက်အား တာဝန်ပေးတည်ဆောက် စေခဲ့ခြင်းဖြစ်ပါကြောင်း။

ခွဲခြားတည်ဆောက်

ဒေင်အုပ်စုကုမ္ပဏီလီမိတက်အနေ ဖြင့်လည်း ၂၀၀၇ခုနှစ် ဇူလိုင် ၁၀ ရက်မှ စတင်၍ ၂၀၀၈ ခုနှစ် မတ် ၃၁ ရက်တွင် လုပ်ငန်းများ အောင်မြင် အပြီးသတ်စေရအောင် နေ့မအား ည မနား တည်ဆောက်အကောင်အထည် ဖော်ပေးခဲ့ရာ ယခုကဲ့သို့ အုပ်ချုပ်မှုရုံး၊ သံဃာပြင်ပလူနာဆောင်၊ သီလရှင် ပြင်ပလူနာဆောင်၊ သံဃာကုသ ဆောင် (၃၆)ခုတင်ဆံ့ ငါးဆောင်နှင့် (၂၅)ခုတင်ဆံ့ နှစ်ဆောင်၊ သီလရှင် ကုသဆောင် (၃၆)ခုတင်ဆံ့ နှစ် ဆောင်နှင့် (၂၅)ခုတင်ဆံ့ တစ် ဆောင်၊ သံဃာခွဲစိတ်ဆောင်၊ အနီး ကပ် ကြပ်မတ်ကုသခန်းနှင့် ဓာတ်ခွဲ ခန်း၊ သီလရှင် ခွဲစိတ်ဆောင်၊ အနီး ကပ် ကြပ်မတ်ကုသခန်းနှင့် ဓာတ်ခွဲ ခန်းတို့ အပါအဝင် ဆေးကုသဆောင် ၁၄ ဆောင်နှင့် အထောက်အကူပြု အဆောက်အအုံများ ပါရှိသော သံဃာ့ဆေးရုံကို ခေတ်မီဆေးရုံကြီး တစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံနိုင် သမျှ ပြည့်စုံစေပြီး သံဃာများနှင့် သီလရှင်များ ဝိနည်းတော်နှင့် ညီညွတ်စွာ သီးခြားစီ ဆေးဝါးကုသမှု ခံယူနိုင်မည့် အဆောက်အအုံများ အဖြစ် ခွဲခြားတည်ဆောက်ပေးနိုင်ခဲ့ ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအခါတွင် ဤ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး) ၌ သံဃာအပါး ၂၅၀ ခန့်နှင့် သီလရှင် အပါး ၁၀၀ ခန့် သီးသန့်စီ အတွင်း လူနာအဖြစ် တစ်ပြိုင်နက်တည်း တက်ရောက်ကုသနိုင်သည့် အခြေ အနေ ဖြစ်လာခဲ့သည်သာမက ရုံးသုံး ပရိဘောဂများ၊ ဆေးရုံသုံးပရိဘောဂ များ၊ ရေသန့်ပစ္စည်းများ၊ လျှပ်စစ်မီး ပစ္စည်းများနှင့် ဆေးပစ္စည်းကိရိယာ များ၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေး ပစ္စည်းကိရိယာများကိုပါ တတ်စွမ်းသမျှ စုံစုံလင်လင် ဖြည့် ဆည်းပေးထားပြီးလည်း ဖြစ်ပါ ကြောင်း။

ကုသိုလ်ယူ ကုသ

ထို့အပြင် ဒေသခံ အငြိမ်းစား ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန် ကြီးများကလည်း ကုသိုလ်ယူသည့် အနေဖြင့်နေ့ရက်အလိုက်လာရောက် ကြည့်ရှု ကုသမှုပေးနိုင်စေရန် စီစဉ် ထားပြီးဖြစ်သည့်အတွက် မိမိတို့ပြသ ကုသလိုသည့် ရောဂါဝေဒနာများကို ပြသကုသမှု ခံယူနိုင်တော့မည် ဖြစ်ပါ ကြောင်း။

ဤသို့ ဆေးရုံကြီး ပြီးမြောက် အောင်သာမက ဆေးရုံကြီးကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး နှင့် သံဃာတော်များ၊ သီလရှင်များ အား အခမဲ့ ဆေးဝါးကုသမှု၊ ကျန်းမာ ရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး)ကို အနီးကပ်ကြီးကြပ် ဩဝါဒပေးနိုင်ရန်အတွက် ဩဝါဒါ စရိယ ဆရာတော်ကြီးများအဖွဲ့ကို လည်းကောင်း၊ မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်နှင့် မန္တလေးဒေသခံ မြို့မိ မြို့ဖများ ပါဝင် သော နာယကအဖွဲ့ကိုလည်းကောင်း ဆရာတော်ကြီးများထံ တင်ပြလျှောက် ထား၍ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါ ကြောင်း၊ ထို့အပြင် ဆေးရုံလုပ်ငန်း များ စနစ်တကျနှင့် ပုံမှန်လည်ပတ်နိုင် ရေးအတွက် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော် မတီများကို ဩဝါဒါစရိယဆရာတော် ကြီးများထံ လျှောက်ထားဩဝါဒ ခံယူကာ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါ ကြောင်း၊ ဆက်လက်၍လည်း ဆရာ တော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ဤ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (မန္တလေး)ကို အရှည်တည်တံ့ ရပ် တည်နိုင်အောင် ဒေသခံစေတနာရှင် များက ဆက်လက်တာဝန်ယူ ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း။

ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ဆေးရုံကြီးဖြစ်မြောက်လာရာတွင် ဆေးရုံထိန်းသိမ်းစောင့်ရှောက် ပြုပြင် မွမ်းမံစရိတ်များ၊ ဆရာတော်၊ သံဃာ တော်များ၊ သီလရှင်များအတွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စနှင့် ဆေးဝါး ကုသပေးမှု စရိတ်များ၊ ဆေးရုံကြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ များ အပါအဝင် ကုန်ကျစရိတ်အဝဝ အတွက် နိုင်ငံတော်အစိုးရဌာနများ အပါအဝင် စေတနာရှင်ပြည်သူများ ထံမှ ငွေပဒေသာပင်များ စိုက်ထူ လှူဒါန်းနိုင်ရန် နှိုးဆော်လျက်အလှူခံ ခဲ့ပါကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရဌာန များ၊ စေတနာရှင် မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူ ခံခဲ့သည့်အလျောက် ယခုအခါတွင် ဆေးရုံကြီးကို ရေရှည်ပုံမှန်လည်ပတ် နိုင်ရန်လိုအပ်သော အလှူငွေများ လက်ခံရရှိပြီးဖြစ်ရာ ငွေပဒေသာပင် စိုက်ထူပြီး ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)၏ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းသုံးစွဲ ဆောင်ရွက်သွားရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

တပည့်တော် တင်ပြလျှောက်ထား ခဲ့သည်များမှာ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး(မန္တလေး)ကို ထူထောင် လျက် ဆရာတော် သံဃာတော်များ၊ သီလရှင်များအား ဝိနည်းတော်နှင့် လျော်ညီစွာ ဆေးဝါးကုသမှုပေးနိုင် ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စေတနာ ရည်ရွယ်ရင်းနှင့်တကွ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(မန္တလေး) ဖြစ်ပေါ် လာရေးအတွက် တပည့်တော်တို့

နိုင်ငံတော် အေးချမ်းသာယာ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်
သံဃာ့ဆေးရုံ(မန္တလေး) ဖွင့်ပွဲအထိမ်
ထံမှ ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)ကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)နှင့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို တွေ့ရစဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့ မန္တလေးမြို့ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

(မန္တလေး)၏ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းသုံးစွဲ ဆောင်ရွက်သွားရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

တပည့်တော် တင်ပြလျှောက်ထားခဲ့သည်များမှာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)ကို ထူထောင်လျက် ဆရာတော် သံဃာတော်များ၊ သီလရှင်များအား ဝိနည်းတော်နှင့် လျော်ညီစွာ ဆေးဝါးကုသမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စေတနာ ရည်ရွယ်ရင်းနှင့်တကွ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(မန္တလေး) ဖြစ်ပေါ်လာရေးအတွက် တပည့်တော်တို့ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖ စေတနာရှင်များ၏ စေတနာ သဒ္ဓါတရား ထက်သန်စွာ စီစဉ်စီမံဆောင်ရွက်ခဲ့မှုများကို အကျဉ်းမျှ လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း။

ဒေသခံစေတနာရှင် မိဘပြည်သူများ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(မန္တလေး) အရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆေးရုံကြီး၏ လုပ်ငန်းများ စနစ်တကျပုံမှန် လည်ပတ်နိုင်ရေးတို့အတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများ ဆက်လက်ပါဝင် လှူဒါန်းလျက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရင်း တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် လျှောက်ထားသည်။

ဩဝါဒကထာမြွက်ကြား

ဆက်လက်၍ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာ ဘိဝံသက သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဆောက်လုပ်သည့် မြေနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကလည်းကောင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) အဆောက်အအုံနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ဒေဝ်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်ကလည်းကောင်း ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ အငြိမ်းစား ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုလေးထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ဆေးရုံအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မန္တလေးမြို့ ဒေသခံများ၏ အလှူငွေများကို အလှူရှင်များကိုယ်စား အလှူရှင် ဦးစိန်မြင့် (ဒိုးပုံဂျုံစက်)က လည်းကောင်း၊ ရပ်ဝေးအလှူရှင်များ၏ အလှူငွေများကို အလှူရှင်များကိုယ်စား အလှူရှင် ဒေဝ်အုပ်စုကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်ကလည်းကောင်း ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဘဏ္ဍာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကို(ထာဝရ) ကုမ္ပဏီအား ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယ မဟာထေရ် အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများနှင့် ဝန်ကြီးများသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အနုမောဒနာ တရားတော်နှင့် ရေစက်ချ တရားတော်ကို ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နှုတ်ဆက်အားပေး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးမှတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖွင့်ပွဲ အထိမ်းအမှတ် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနား မကျင်းပမီ ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ကမ္ပည်းမော်ကွန်းကြေးပြား ဖွင့်ပွဲအခမ်းအနားကို ဆေးရုံ၏ အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာအချိန် နံနက် ၇ နာရီ ၃၈ မိနစ်တွင် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ကမ္ပည်းမော်ကွန်းကြေးပြားနှင့် ဆေးရုံတံဆိပ်တို့ကို တာဝန်ရှိသူများက ဖဲကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ကမ္ပည်းမော်ကွန်း ကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို မန္တလေးမြို့ ကန်တော်ကြီး ကန်ပတ်လမ်း ပြည်ကြီးမွန် ဖောင်တော်ရှေ့ရှိ ၃၉ ဒသမ ၈၄ ဧက အကျယ်အဝန်းရှိသည့် မြေနေရာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။ (သတင်းစဉ်)

...ဆေးရုံ (မန္တလေး)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)က မှတ်ပုံ မော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ မြန်မာသကြ်န်
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -သစ္စာ၏တရားစီရင်ချက် (လူမင်း၊ ထွန်းအိန္ဒြာဗို)
၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ မြန်မာသကြ်န်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၅၆)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ English Usage
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စည်းခြားထားသောအချစ် (အပိုင်း-၂၅) (ဇာတ်သိမ်း)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဘရာဇီးမှ အမဲသားတင်သွင်းမည့်အစီအစဉ် အင်ဒိုနီးရှား၌ ဆန့်ကျင်ကန့်ကွက်

ဂျကာတာ ဧပြီ ၁၇

ဘရာဇီးနိုင်ငံမှ အမဲသား တင်သွင်းမည့် အင်ဒိုနီးရှားအစိုးရ၏ အစီအစဉ်နှင့်ပတ်သက်၍လယ်သမားများနှင့် တိရစ္ဆာန် ဆေးကုဆရာဝန်များက ဆန့်ကျင်ကန့်ကွက်မှုများကြီးမားလာခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ပြည်တွင်းသတင်းစာတွင် ဖော်ပြသည်။

တောင်းဆို

ဘရာဇီးနိုင်ငံ၌ နွားများ ခွာနာလျှာနာရောဂါ လုံးဝကင်းစင်ခြင်းမရှိသေးသောကြောင့်အစိုးရကအမဲသားတင်သွင်းမည့် အစီအစဉ်ကို ရုပ်သိမ်းရန် လယ်သမားများနှင့် တိရစ္ဆာန်ဆေးကု ဆရာဝန်များက တောင်းဆိုကြခြင်း ဖြစ်သည်။

၎င်းအဖွဲ့များက အဂ္ဂါနေ့တွေ့ဆုံပွဲ၌ ၁၉၉၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည်၎င်းရောဂါကင်းစင်ကြောင်း ကြေညာခဲ့သည်ကို သတိပေးခဲ့သည်။ သို့သော် ဘရာဇီးနိုင်ငံမှ အန္တရာယ်ဖြစ်စေနိုင်သည့် အမဲသား တင်သွင်းမှုကို ခွင့်ပြုနေကြောင်း နိုင်ငံပိုင် ကွန်ပတ် သတင်းစာက ရေးသားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အမဲသားများကို သြစတြေးလျ၊ နယူးဇီလန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့မှ လောလောဆယ်ဝယ်ယူလျက်ရှိသည်။

တန်၃၄၄၈၀၀ထုတ်လုပ်

ယခုလ အစောပိုင်းက ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးရန်ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့မှ အမဲသားများ တင်သွင်းမည့် အစီအစဉ်ကို အစိုးရက ထုတ်ဖော်ပြောကြားသည်။ စိုက်ပျိုးရေးရာဝန်ကြီးဌာန၏ အဆိုအရ လွန်ခဲ့သည့်နှစ်က ပြည်တွင်းအမဲသားထုတ်လုပ်မှု တန်၃၄၄၈၀၀ ဖြစ်ပြီး စားသုံးမှုမှာ တန်၃၉၆၆၀၀ ဖြစ်သည်။ လွန်ခဲ့သည့်နှစ်က အစိုးရက အမဲသား တန် ၆၄၁၀၀ တင်သွင်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ကားများကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးယောက်၌ ရေနံဈေးနှုန်း ဆက်လက်မြင့်တက် တစ်စည်လျှင် ၁၁၄ ဒသမ ၉၃ ဒေါ်လာသို့ ရောက်ရှိ

နယူးယောက် ဧပြီ ၁၇

နယူးယောက် ကုန်စည်ဈေးကွက်တွင် ရေနံတစ်စည်၏ပေါက်ဈေးသည် ဧပြီ ၁၆ ရက်က အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာနီးပါး (၁၁၄ဒသမ၉၃ ဒေါ်လာ)အထိ မြင့်တက်သွားသည်။

ရေနံဈေးနှုန်းသည် ဆက်တိုက်တက်လျက်ရှိရာ ဗုဒ္ဓဟူးနေ့က တတိယနေ့အဖြစ် ဆက်လက်မြင့်တက်နေသည်။ အမေရိကန်တွင် အရန်သိုလှောင်ထားရှိသော ရေနံပမာဏသည် မမျှော်လင့်ဘဲ ဧပြီ ၁၁ ရက်တွင် စည်ပေါင်း ၃၁၃ဒသမ ၇ သန်းသို့ လျော့ကျသွားသည်ဟု အမေရိကန် စွမ်းအင်စီမံခန့်ခွဲရေးသတင်းဌာန၏ ဗုဒ္ဓဟူးနေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှု ဖြစ်၊ ခြောက်ဦးသေဆုံး

ကဘူး ဧပြီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကဘူးပြည်နယ် အက်ဂဟာဒေသတွင် ဧပြီ ၁၆ ရက်က တာလီဘန် စစ်သွေးကြွများနှင့် ရဲတပ်ဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွားရာ သောင်းကျန်းသူငါးဦးနှင့်ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်းတာဝန်ရှိသူက ပြောကြားသည်။

သေဆုံး

ရဲတပ်ဖွဲ့က ပစ်ခတ်မှုကြောင့်သူပုန်ငါးဦးသေဆုံးကြောင်း နယ်စပ်ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။ သေဆုံးသူများထဲတွင် တာလီဘန်တပ်မှူးတစ်ဦး ပါဝင်ကြောင်း ထည့်သွင်းပြောကြားသည်။

ယခုနှစ်၌ အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်သူပုန်များ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သားအများစု အပါအဝင် ၄၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အနောက်ဘက်ကမ်း၌ အစ္စရေးတပ်ဖွဲ့ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း လူငယ်တစ်ဦးသေဆုံး

ဂျင်နင်(အနောက်ဘက်ကမ်း) ဧပြီ ၁၈

အနောက်ဘက်ကမ်းဒေသအတွင်းသို့ ဧပြီ ၁၇ ရက်က အစ္စရေးတပ်ဖွဲ့များ ဝင်ရောက်စီးနင်းစဉ် ပါလက်စတိုင်းဆယ်ကျော်သက် ရွယ်တစ်ဦးသေဆုံးကြောင်း ဒေသတွင်းနေထိုင်သူများနှင့် ပါလက်စတိုင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။

ဂျင်နင်မြို့အနီး အစ္စလာမ့်စ်ဂျီဟတ်စစ်သွေးကြွ၏ အိမ်ကို အစ္စရေးတပ်ဖွဲ့များ ဝင်ရောက် စီးနင်းတိုက်ခိုက်ရာ၌ ၁၆ နှစ်အရွယ်ယောကျ်ားလေးတစ်ဦး သေနတ်ထိမှန် သေဆုံးကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည်အနောက်ဘက်ကမ်းခြေမြို့များတွင် စစ်သွေးကြွများကို ကြိမ်ဖန်များစွာ ရှာဖွေတိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပသည့် အီရန်နိုင်ငံ အမျိုးသား တပ်မတော်နေ့ အခမ်းအနား၌ ပါဝင် ချီတက်နေသော သံချပ်ကာတပ်ဖွဲ့ကို ဧပြီ ၁၇ ရက်က တွေ့ရ စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှား၌ရဟတ်ယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

မော်စကို ဧပြီ ၁၇

ရုရှားနိုင်ငံ ယူရယ်တောင်တန်းဒေသရှိ ပန့်နယ်မြေတွင် ဧပြီ ၁၆ရက်က ရဟတ်ယာဉ် ပျက်ကျရာ သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ဂါဇ်ပရိုမာဗီးယားလေကြောင်းကုမ္ပဏီကပြောကြား သည်။

လေယာဉ်အမှု ထမ်းနှစ်ဦးနှင့် ခရီးသည်တစ်ဦး သေဆုံးပြီး ခရီးသည်တစ်ဦးဒဏ်ရာ ရရှိကြောင်း အဆိုပါကုမ္ပဏီ က ပြောကြားသည်။

အမ်အိုင်-၂အမျိုးအစား ရဟတ်ယာဉ်တွင် လူလေးဦး လိုက်ပါလာရာ ဧပြီ ၁၆ ရက် စောစောပိုင်းက လေကြောင်းသွားလာမှု ထိန်းချုပ်ရေးနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်။ အဆိုပါရဟတ်ယာဉ်၏ အပျက်အစီးများကို ပန့်ဒေသအနီး ကာလီနို ကျေးရွာတောင်ဘက် ၁၆ ကီလိုမီတာ အကွာ၌ ရှာဖွေတွေ့ရှိခဲ့သည်။ ရဟတ် ယာဉ်သည် လျှပ်စစ်ဓာတ်အားလိုင်း များနှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း ရုရှားအရေးပေါ် လုပ်ငန်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖနောင်ပင်မြို့ တောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွား

ဖနောင်ပင် ဧပြီ ၁၈

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်တောင်ပိုင်းရှိ မင်ချီးခရိုင်တွင် ဧပြီ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၃၀ မီးလောင်ပျက်စီးသွားသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

မီးသည် မွန်းလွဲ ၁ နာရီကစတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။ မီးကြွင်း မီးကျန်များအကြားတွင် သေဆုံးသူ တစ်ဦးတစ်ယောက်မျှမတွေ့ရဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်၌ ယခုနှစ် ဧပြီလဝက်ခန့် အတွင်း လောင်ကျွမ်းသော မီးအရေအတွက်သည် ယခုနောက်ဆုံး အဖြစ်အပျက်ပါနှင့်ဆိုလျှင် ခြောက်ကြိမ် ရှိသွားပြီဖြစ်သည်။ ဖနောင်ပင်မြို့တွင် ဧပြီ ၁၁ ရက်ကလည်း ရပ်ဆီကီအိုခရိုင်၌ မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ယခုနှစ်အတွင်း ဖနောင်ပင်မြို့တွင် မီးလောင်မှု စုစုပေါင်း အကြိမ် ၂၀ကျော်ဖြစ်ပွားခဲ့ရာ ယမန်နှစ်ကထက် နှစ်ဆနီးပါး ပိုမိုများပြားကြောင်း မီးသတ်ဌာန၏ ပြောကြားချက်ကို ကိုးကား၍ ကမ္ဘောဒီးယားနေ့စဉ် သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ပေါ်တူဂီ၌ ယာဉ်နှစ်စီးတိုက် ၄၂ဦးထက်မနည်းဒဏ်ရာရရှိ

လစ္စဘွန်း ဧပြီ ၁၈

ပေါ်တူဂီနိုင်ငံ ကွမ်ဘရာမြို့အနီး အဝေးပြေးလမ်းမတွင် ဧပြီ ၁၆ ရက် နံနက်ပိုင်းက ဘတ်စ်ကားနှစ်စီး တိုက်မှုဖြစ်ပွားရာ ၄၂ ဦးထက် မနည်း ဒဏ်ရာရရှိသည်။

ယင်းမတော်တဆဖြစ်ပွားမှုသည် ဖစ်ဂူအီရာဒါဖော့ဇ် ကမ်းရိုးတန်းမြို့နှင့် အမှတ် ၁၁၁ အဝေး ပြေးလမ်းမကြီးနှင့် ဆက်သွယ်ထားသည့် ကွမ်ဘရာမြို့အနီး၌ ဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။

ကွမ်ဘရာမြို့သည် ပေါ်တူဂီနိုင်ငံ မြို့တော်လစ္စဘွန်း၏ မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် တည်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်လူဦးရေ ၈၈ သန်းကျော် ရောက်ရှိလာ

မနီလာ ဧပြီ ၁၇

ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေသည် ယမန်နှစ် ဩဂုတ်လက ကောက်ယူထားသည့်စစ်တမ်းအရ ၈၈ ဒသမ၅၇ သန်းသို့ ရောက်ရှိနေကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် လူဦးရေ ၇၆ ဒသမ ၅ သန်း ရှိရာမှ လူဦးရေ ပိုမိုများပြားလာကြောင်း၊ ထို့အတွက် မူဝါဒများပြန်လည်ချမှတ်ရန် လိုအပ်လာပြီ ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ စီးပွားရေး ထိပ်တန်း မီမံကိန်း အရာရှိတစ်ဦးက ပြောကြားသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံသည် ဖန်ပြွန်သန္ဓေသားရယူနည်းဖြင့် ကလေးမွေးဖွားရန် အလားအလာ မရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် အာရှဒေသတွင် လူဦးရေတိုးတက်မှုနှုန်း အများဆုံးတွင် ပါဝင်လျက်ရှိပြီး တစ်မိနစ်လျှင် ကလေး သုံးဦးထက်မနည်း မွေးဖွားလျက်ရှိသည်။

လူဦးရေတိုးနှုန်း များလာသည့်အတွက် စီးပွားရေးအကျိုးအမြတ် နည်းပါးသွားပြီး နိုင်ငံ၏ ရိက္ခာဖူလုံအောင် ထုတ် လုပ်နိုင်တော့မည်မဟုတ်ဟု ဆိုသည်။

လူဦးရေတိုးမြှင့်လာမှုကို အစိုးရအနေဖြင့် လူဦးရေမူဝါဒကို ပိုမိုအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စီးပွားရေးစီမံကိန်းဌာနဝန်ကြီး အော်ဂတ်စ်တိုဆန်တို့စ်က ရိုက်တာ သတင်းဌာနသို့ ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

လူဦးရေမူဝါဒရေးရာကို ပြန်လည်သုံးသပ်ရန် လူဦးရေ ကော်မရှင်တစ်ရပ်ထားရှိရမည်ဟု ယူဆကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပြောကြား

စီးပွားရေး လုပ်ငန်းများ လုံးဝအဆင်ပြေကောင်းမွန်စေရန် လူဦးရေနှုန်းထားကို ပြန်လည်သုံးသပ်ရန် အမှန်တကယ်လိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

ဆင်းရဲနွမ်းပါးသူများသည် နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံထက်မနည်း ရှိသည်။ လူဦးရေ တိုးနှုန်းထက် ဆင်းရဲသူဦးရေ တိုးနှုန်းသည် ပိုမိုများပြားလျက်ရှိသည်။

တိုးမြင့်လာ

ယခင်အခါက ကောက်ယူရရှိထားသော စာရင်းအရ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် ၂၀၀၆ ခုနှစ်တွင် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာထက်မနည်း ဝင်ငွေရှိသည်။ ထိုနှုန်းထား သည် ၂၀၀၃ ခုနှစ်ကထက် ၁၆ ရာခိုင်နှုန်းတိုးမြင့်လာသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံတွင် စစ်လေယာဉ်ပျက်ကျ

အစ္စလမ္မာဘတ် ဧပြီ ၁၈

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် လေတပ်မှ လေယာဉ်တစ်စင်း ပျက်ကျသွားကြောင်း ဒေသခံ ဂျီအိုရုပ်မြင်သံကြားက ထုတ်လွှင့်သွားသည်။

အက်ဖ်-၇ အမျိုးအစား လေယာဉ်သည် ပန်ချပ်ပြည်နယ် အရှေ့ပိုင်း ဟဆာလာဘတ်မြို့အနီးတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း သတင်းက ဖော်ပြသည်။

လေယာဉ်သည် အနောက်မြောက်ပိုင်းနယ်စပ်ပြည်နယ် ရီဆာလဖာမှ ပျံတက်လာပြီး ၁၀ မိနစ်ခန့်အကြာတွင် ပျက်ကျခြင်းဖြစ်သည်ဟု ဆိုသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ချက်ချင်းမသိရသေးဘဲ ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့သားများသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် သွားရောက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုဘင်းပြည်နယ်၌ ဝမ်းရောဂါပျံ့နှံ့

ဟန်ွိုင်း ဧပြီ ၁၈

ဗီယက်နမ်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားလျက်ရှိရာ ယခုအခါထိုရောဂါသည် မြောက်ပိုင်း ဟိုဘင်းပြည်နယ်အထိ ပျံ့နှံ့သွားပြီဖြစ်သည်။

အဆိုပါပြည်နယ် အပါအဝင်ဆိုလျှင် ကာလဝမ်းရောဂါဖြစ်ပွားနေသော ဒေသစုစုပေါင်းသည် ဗီယက်နမ်နိုင်ငံတွင် ၁၈ခု ရှိသွားပြီဖြစ်သည်ဟု ဗီယက်နမ် စိုက်ပျိုးရေးဌာနက ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

ထိုဒေသ ၁၈ ခုတွင် ဝမ်းရောဂါဖြစ်ပွားနေသူ စုစုပေါင်းသည် ၁၇၉၀ဦး ရှိသွားပြီဖြစ်ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီး ကရင်ကွမ်ဟွန်က ပြောကြားသည်။

ဝမ်းရောဂါဖြစ်ပွားသူ အများစုမှာ ဟန်ွိုင်း၊ ဟိုင်ဖုန်၊ ဟာတေနှင့် သန်ဟိုဒေသများမှ ဖြစ်သည်။

ထိုရောဂါဆိုးကို တိုက်ဖျက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ရှိသမျှ စွမ်းအားစုများကို ထုတ်နုတ်အသုံးချကြရန် ဝန်ကြီးချုပ်ငုရင်သန်ဒေါင်းက တိုက်တွန်းထားသည်။ သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချမှုရှိ၊မရှိ စစ်ဆေးခြင်း၊ ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးခြင်း၊ တကိုယ်ရေသန့်ရှင်းမှု ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းများကို ဆောင်ရွက်ခြင်းဖြင့် ရောဂါကို ကာကွယ်ရန် နှိုးဆော်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့တွင် ၃ ဒသမ ၁၄ လက်မမြင့်သော ဒေါက်ဖိနပ်စီး၍ တာတိုအပြေးပြိုင်ပွဲကို ဧပြီ ၁၇ ရက်က ကျင်းပရာ ပြိုင်ပွဲဝင်အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror — နိုင်ငံတကာရေးရာသတင်းများ

ကင်ညာနိုင်ငံတွင် ဧပြီ ၁၇ ရက်က ကက်ဘိနက် အသစ်ကျမ်း သ စ္စာ ကျိန် ဆို ပြီး လက်ရှိ သမ္မတ မာဝီကီ ဘာကီ နှင့်ဝန်ကြီးချုပ် ရိုင်လာအိုဒင်ဂါ တို့အား တွေ့ ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်မြုပ်နေသည့် ယူကရိန်းဆွဲသင်္ဘောကို ဆယ်ယူရန် ဟောင်ကောင်သို့ ကရိန်းသင်္ဘော ရောက်ရှိ

ဟောင်ကောင် ဧပြီ ၁၆

ယူကရိန်းဆွဲသင်္ဘောကို ပြန်လည်ဆယ်ယူရန် ဟောင်ကောင်သို့ ကရိန်းသင်္ဘောကြီး ဧပြီ ၁၆ ရက်တွင် ရောက်ရှိသည်။ ဟောင်ကောင်ရေပြင်၌ မတ်လအတွင်းက တရုတ်နိုင်ငံမှ သင်္ဘောနှင့် ယူကရိန်းဆွဲသင်္ဘောတို့ တိုက်မိရာ ယူကရိန်းဆွဲသင်္ဘော ပျက်စီးနစ်မြုပ်ခဲ့သည်။

တန်ချိန် ၄၀၀၀ ရှိ ဟူယာတီဘန်လောင် ကရိန်းသင်္ဘောကို ကွမ်ကျိုးမြို့မှ ယူဆောင်လာခြင်းဖြစ်သည်။ ဟောင်ကောင်ရေပြင် မီတာ ၃၀ အနက်တွင် ထောင်လျက်နစ်မြုပ်နေသော ယူကရိန်းသင်္ဘောကို ဆယ်ယူမည်ဖြစ်သည်ဟု ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ ရေကြောင်းဌာနက ပြောကြားသည်။

အချိန်နှင့်အမျှ ယူကရိန်းသင်္ဘောဆယ်ယူရေးကို ဆောင်ရွက်လျက်ရှိသည်။ သင်္ဘောဆယ်ယူရေး လုပ်ငန်းတွင် ဆွဲသင်္ဘောများနှင့် ရေယာဉ်ငယ်များကို အသုံးပြုလျက်ရှိသည်။ အဆက်မပြတ် ရေငုပ်သမားများ၏အကူအညီဖြင့် သင်္ဘောဆယ်ယူရေးလုပ်ဆောင်ပြီး ဧပြီလကုန်တွင် ဆယ်ယူရေးလုပ်ငန်းပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း ရေကြောင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်စစ်ပြန် ငါးဦးလျှင် တစ်ဦး စိတ်ဝေဒနာခံစားရ

ဝါရှင်တန် ဧပြီ ၁၈

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ စစ်မြေပြင်တို့မှ ပြန်လာသော အမေရိကန် စစ်ပြန်ငါးဦးလျှင် တစ်ဦးသည် စိတ်ဖိစီးမှုဝေဒနာ ခံစားရကြောင်း၊ ထိုဝေဒနာရှင်များအနက် ထက်ဝက်မျှသော အရေအတွက်သာလျှင် ဆေးဝါးကုသမှုခံယူကြောင်း ဧပြီ ၁၇ရက်က ထွက်ပေါ်လာသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြပါ အစီရင်ခံစာကို ရန်းကော်ပိုရေးရှင်း အစီရင်ခံစာဟုခေါ်သည်။ အမေရိကန်စစ်ပြန်ဦးရေ သုံးသိန်းတို့သည် စစ်မြေပြင်တွင် တွေ့ကြုံရသော ဒုက္ခများကြောင့် စိတ်ဖိစီးမှုဝေဒနာကို ခံစားရခြင်းဖြစ်သည်ဟုဆိုသည်။

ဝေဒနာခံစားရသူ များပြားသော်လည်း ဆေးဝါးကုသမှု ခံယူလျှင် အလုပ်ကို ထိခိုက်မည်ဟု စိုးရိမ်သည့်အတွက် မခံယူဘဲနေကြသည်။ ဆရာဝန်များနှင့် ပြသ၍ ကုသမှုခံယူသူများအနက် အချို့က လုံလောက်သော ကုသမှုကို ရရှိကြပြီး အများအပြားမှာ မပြည့်စုံသောကုသမှုကိုသာ ရရှိကြသည်ဟု ဆိုသည်။

အဆိုပါ ရောဂါသည်များကို သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်ဘဲ ရေရှည် ဝေဒနာများ ခံစားရသည့်အဖြစ်နှင့် ကြုံတွေ့နိုင်သည်ဟု သုတေသီ တယ်ရီတာနီလင်က ပြောကြား သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆန်ညို အီလက်ထရွန်နစ်ကုမ္ပဏီ က အသစ်ထုတ်လုပ်လိုက်သော ရေစိုခံ ဒီဂျစ်တယ် ကင်မရာကို တိုကျိုမြို့တွင် ဧပြီ ၁၈ ရက်က ပြသစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန် ယခုနှစ် ပထမလေးလပတ်၌ ၁၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်

ပေကျင်း ဧပြီ ၁၆

တရုတ်နိုင်ငံ စက်မှုထုတ်ကုန်သည် ၂၀၀၈ ခုနှစ် ပထမလေးလပတ်တွင် ပြီးခဲ့သည့် နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။ ထိုတိုးမြင့်မှုနှုန်းသည် ၂၀၀၇ ခုနှစ် ပထမလေးလပတ်၌ မျှော်မှန်းထားသော နှုန်းထက် ၁ ဒသမ ၉ ရာခိုင်နှုန်း လျော့နေသည်ဟု အမျိုးသား ဗျူရိုစာရင်းအင်းဌာန (အင်န်ဘီအက်စ်)က ဧပြီ ၁၆ ရက်တွင် ထုတ်ပြန်သည်။

ပြောကြား

တရုတ်နိုင်ငံတွင် ဆောင်းရာသီအချိန်က ရာသီဥတုပြင်းထန်ဆိုးရွားခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးပြဿနာများဖြစ်ပေါ်ခြင်းစသည့် အခက်အခဲများနှင့် ကြုံရသော်လည်း ယခုနှစ်မှစ၍ စီးပွားရေး သည် မှန်မှန်မြင့်တက်လာကြောင်း အင်န်ဘီအက်စ်မှပြောရေးဆိုခွင့်ရှိသူ လီဇီယာချာအိုက ပြောကြားသည်။

ယခုနှစ် ပထမလေးလပတ်တွင် တရုတ်နိုင်ငံ၏စီးပွားရေးသည် ၁၀ဒသမ၆ ရာခိုင်နှုန်းအထိ ဖြည်းဖြည်းမှန်မှန် မြင့်တက်ခဲ့သည်။ စက်မှုထုတ်ကုန်တိုးတက်နှုန်းသည် ယခင်နှစ် အလားတူကာလက ၁၁ ဒသမ ၇ရာခိုင်နှုန်းရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

၁၃၆၉ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်မဏ္ဍပ် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ခရစ်နှစ် ၂၀၀၈ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ မြို့တော်ဝန်မဏ္ဍပ် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ည ၈ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မြို့တော်ဝန်မဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ၁၃၆၉ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် မြို့တော်ဝန်ဗဟိုမဏ္ဍပ် ဒီဇိုင်းပြိုင်ပွဲ ဆုရွေးချယ်ခြင်းခံရသော ဒေါ်နွယ်နွယ်ထွန်း (မန္တလေးမြို့တော်စည်ပင်)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်က ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ တင်အောင်မျိုး(ဇလပ်ဖြူ)၊ ဒုတိယဆုရ ကိုမျိုး (ချယ်ရီဝင်း)၊ တတိယဆုရ ဟန်ဝင်းနီ(ပန်သစ္စာ)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက နှစ်သိမ့်ဆု (၁)ရ ဟန်ဝင်းနီ(ပန်သစ္စာ)၊ နှစ်သိမ့်ဆု(၂)ရ ညီညီ(စမိုင်း)၊ နှစ်သိမ့်ဆု(၃)ရ စိုးမင်း(လိုက်ဖ်)၊ မြန်မာပြည်အထက်ပိုင်း ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်း(ချင်းတွင်း)က နှစ်သိမ့်ဆု(၄)ရ မြင့်နိုင်(ယမုံနာ)နှင့် နှစ်သိမ့်ဆု(၅)ရ စိုးမင်း(လိုက်ဖ်)တို့အား ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အလှပြမဏ္ဍပ် ပထမဆုရ ကျန်းမာရေးမိသားစု၊ ဒုတိယဆုရ ပြည်သာလင်း(လျှပ်စစ်)၊ တတိယဆုရ ကျွန်းရွှေဝါ (သစ်လုပ်ငန်း)၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးစိန်လှိုင်က နှစ်သိမ့်ဆု (၁)အာကာသီတာ(ပို့ဆောင်ရေး)၊ နှစ်သိမ့်ဆု(၂) ပန်းသရဖူ(မထသမြို့တွင်း)၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က နှစ်သိမ့်ဆု(၃) ပိတောက်နန်း (မထသအဝေးပြေး)၊ နှစ်သိမ့်ဆု(၄) မဟာရှုမဝ အလှပြမဏ္ဍပ်တို့အား ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အလှပြယာဉ်ပထမဆုရ မြနန်းမန္တလာ (မန္တလေးခရိုင်)၊ ဒုတိယဆုရ ပုဂံရွှေပြည်(ညောင်ဦးခရိုင်)၊ တတိယဆုရ ထီလာမေ (မိတ္ထီလာခရိုင်)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်သိန်းက အလှပြယာဉ်နှစ်သိမ့်ဆု(၁)ရွှေဆည်အားမာန် (ကျောက်ဆည်ခရိုင်)၊ နှစ်သိမ့်ဆုရ(၂)ရွှေခြံမောင်မယ် (မြင်းခြံခရိုင်)၊ နှစ်သိမ့်ဆု(၃)ရွှေသင်းမောင် (ရမည်းသင်းခရိုင်)၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်ဦးသန်းနွယ်က နှစ်သိမ့်ဆု(၄) ပန်းမြို့သူ (ပြင်ဦးလွင်ခရိုင်)နှင့် နှစ်သိမ့်ဆု(၅) ပြည်ကြီးမဏ္ဍိုင် (နေပြည်တော်ပျဉ်းမနားခရိုင်) တို့အား ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် က အကယ်ဒမီ ဦးသော်ဇင် (လဝန်းအိမ်တေးဂီတ)အား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ၂၀၀၈ ခုနှစ် မန္တလေးမြို့တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ မြို့တော်ဝန်မဏ္ဍပ် ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသည့်အဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖျော်ဖြေ

ဆက်လက်၍ မန္တလေးမြို့ဂုဏ်ဆောင် မြို့မငွေငန်းဖြူ အလှပြယာဉ်က သီဆိုဖျော်ဖြေကာ ပထမဆုရရှိသော မြနန်းမန္တလာ (မန္တလေးခရိုင်) အလှပြယာဉ်က ဆုရရှိသည့် အစီအစဉ်အတိုင်း ကပြဖျော်ဖြေပြီးနောက် အခြားဆုရရှိကြသော အလှပြယာဉ်များက မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း၍ သင်္ကြန်သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များနှင့် မြို့တော်စည်ပင် သင်္ကြန် လှုပ်ရှားဖြူယိမ်းအဖွဲ့တို့က လည်း သင်္ကြန်တေး၊ သင်္ကြန် အက၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ပြန်လည်ဖျော်ဖြေကြရာ မန္တလေးမြို့တော်သူ၊ မြို့တော်သားများက ပျော်ရွှင်မြူးကြွစွာ ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ည၁၂နာရီတွင်မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးမြို့ တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က မန္တလေးမြို့တော်သူ၊ မြို့တော်သားတို့အား နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ၁၃၆၉ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

၁၃၆၉ ခုနှစ် မန္တလေး မြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ပိတ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်တည်းရောင်စုံစက္ကူအလှများ ပစ်ဖောက်၍ နှစ်သစ်ကို ကြိုဆိုပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ၊ မြို့တော်စည်ပင် ယိမ်းအဖွဲ့ လှုပ်ရှားဖြူလေးများသည် 'မန်းတောင်ရိပ်ခို' သီချင်းကို စုပေါင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးမြို့ သင်္ကြန်အတက်နေ့ညပိုင်းတွင် ဆုရရှိကြသော အလှပြမဏ္ဍပ်အသင်းများ၊ အလှပြယာဉ်များက ပျော်ပျော်ရွှင်ရွှင် အဆို၊ အတီး၊ အကအလှများဖြင့် ဖျော်ဖြေကြပြီး သင်္ကြန်ချစ်သူ ပြည်သူများကလည်း ညလုံးပေါက် ရေသဘင်ပွဲကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင် ဦးဆောင်သော အဖွဲ့သည် ဧပြီ ၁ရက်မှ ဧပြီ ၅ရက် အထိ ကသာခရိုင်ရှိ မြို့နယ်များသို့ လှည့်လည်ကွင်းဆင်း၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လိုရာခရီးသို့သွားရောက်နိုင်ရေး၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ကသာခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကသာမြို့နှင့် ထီးချိုင့်မြို့တို့တွင် အဝေးပြေး ခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ လုပ်ငန်းလိုင်စင်များ၊ ယာဉ်ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးခဲ့သည်။**(ဓါတ်ပုံ)**

ထို့ပြင် ဧပြီ ၅ရက်က ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ် နောက်လိုက်စဝအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်သွားလာမှု စည်းကမ်းများ၊ အငှားမော်တော်ယာဉ် စည်းကမ်းများ၊ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များ၊ လမ်းညွှန်အမှတ်အသားနှင့် အချက်ပြသင်္ကေတများ အကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြီး အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေအတွက် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေခဲ့သည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရွှေပေါက်ကံ မင်းရဲကျော်စွာလမ်းနေ ဦးဇော်လွင်ဦး-ဒေါ်မီးမီး၊ သားမောင်သီဟဇော် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ခန့် တန်ဖိုးရှိသော ကျောက်ခုနစ်လုံးပါ နားကပ်တစ်ရန်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးလှမင်း၊ ဦးသိန်းဦးနှင့် ဦးစောကြိုင်တို့ လက်ခံစဉ်။ (က-ပ)

စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ပျဉ်းမနားဌာနခွဲမှ ဗိုလ်ကြီးမြင့်အေး(ငြိမ်း)-ဒေါ်ခင်မာဝင်း၊ သမီးမဥ္ဇူဝင်း၊ သားမောင်ကျော်ဇင် မိသားစုက ငွေကျပ် ၇၇၀၀၀၀ တန်ဖိုးရှိ ကြေးပြား အချပ် ၃၀ ကို လှူ ဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရမမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ ကျေးဇူးရှင်များအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက်၊ ဇာဂ ၂၂ လမ်းနေ ဒေါ်သန်းတင်၊ မြေး မောင်လင်းထွန်းဦး (UNITEAM) တို့က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံစဉ်။ (က-ပ)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြား ရွှေသင်္ကန်း ကပ်လှူရန်အတွက် ရန်ကုန်မြို့နေ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဇနီးဒေါ်ညွှန့်ညွှန့်သန်းနှင့် သား၊ သမီး၊ မြေးများက ကိုးလက်မ ပတ်လည် တစ်ကျပ်သား ရွှေပြားတစ်ချပ်အတွက် အလှူငွေကျပ် ၅၄၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်တရားစခန်းသိမ်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ နွေရာသီ သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းသိမ်းပွဲကို ဧပြီ ၁၇ ရက်တွင်ကျင်းပရာ ဟိတေသီ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ **(ယာပုံ)**

နွေရာသီသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းပွဲသို့ အမျိုးသားရဟန်းယောဂီ ၅၀ နှင့် အမျိုးသမီးယောဂီ ၅၀ စုစုပေါင်းယောဂီ ၁၀၀ ဝင်ရောက် တရားအားထုတ်ကြပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကိုယ်တိုင် ဝိပဿနာအလုပ်ပေးတရားတော်များကို နေ့စဉ်ဟောပြောပြသခဲ့သည်။

ယောဂီများ စိတ်ချမ်းမြေ့စွာ တရားကျင့်ကြံအားထုတ်နိုင်ရေးအတွက် ကိုးမိုင်မဟာစည်ဟိတေသီအဖွဲ့အမှုဆောင်များကလည်း ယောဂီများ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ရဟန်းရှင်လူယောဂီများ ဝိပဿနာအမြတ်တရားများ နာယူအားထုတ်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဆေးပဒေသာပင်လှူ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

Doaru Cosmetics နှင့် **Glorin Hair Care Products တို့၏ တတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား ပြီး အထက်မြန်မာပြည်တာဝန်ခံ ဦးရန်နိုင်ထွန်းက ပထမနှင့် ဒုတိယအကြိမ် ခရီးစဉ်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဆုမဲ ၃၀၀ ကို နယ်မြေအလိုက် ရွေးချယ်ပေးပြီး ပထမဆု နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင် ငါးဦးအား စာနယ်ဇင်းမှ တာဝန်ရှိသူများက မဲနှိုက်ရွေးချယ်ပေးကြရာ မန္တလေးမြို့မှ မဆန်းလင်းချိုနှင့် မမြတ်မြတ်ထွေး၊ ရွှေဘိုမြို့နယ်မှ မမူ၊ နေပြည်တော် ပျဉ်းမနားမှ မခိုင်ခိုင်ဦး၊ တောင်ကြီးမြို့မှ မနန်းဟေမာန်ထွန်းတို့က ရရှိကြသည်။

Shangrila-Leap Int'l Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေး Doaru Cosmetics နှင့် Glorin Hair Care Products ရောင်းအားအကောင်းဆုံးဆုပေးအပ်စဉ်။ (သတင်းစဉ်)

တတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ်မှာ ဟောင်ကောင်၊ မကာအိုတို့သို့ ခုနစ်ညအိပ်၊ ရှစ်ရက်ခရီးစဉ်ဖြစ်ကြောင်းနှင့် မလိုက်ပါနိုင်သော ကံထူးရှင်များအား ခရီးသွားစရိတ်နှင့် ညီမျှသည့် ကျပ်ငွေကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

Doaru Cosmetics မှ Doaru White Roll-on ကို အသစ်ထပ်မံ၍ ထုတ်လုပ်လိုက်ပြီး အမျိုးသမီး၊ အမျိုးသားများနှင့် အားကစားသမားများအတွက် သုံးမျိုးထုတ်လုပ်ထားကြောင်း၊ Vitamin Cနှင့် Licorice Extract တို့အတွဲညီ ပေါင်းစပ်မှုကြောင့် ချိုင်းသားများကို ဖြူဖွေးလာစေပြီး အညိုကွက်၊ အမည်းကွက်ဖြစ်ခြင်းမှ ကာကွယ်ပေးကြောင်း၊ New Active Formula သည် ခန္ဓာကိုယ်အနံ့အသက်ဆိုးများကို ဖြစ်ပေါ်စေသော ဗက်တီးရီးယားများ ဖြစ်ပေါ်စေခြင်းကို တားဆီးပေးကာ ချောမွေ့သော အထိအတွေ့နှင့် အဆီမပြန်စေသောကြောင့် ခန္ဓာကိုယ်ကို ယားယံခြင်း၊ အဝတ်အစားများ စွန်းထင်းခြင်း မဖြစ်စေနိုင်ကြောင်း၊ ရေမွှေးနံ့ တစ်နေကုန်သင်းပျံ့စေပြီး Roll-On Ball ကြီးမားမှုကြောင့် လိမ်းရာတွင် လွယ်ကူစေကြောင်း၊ ထို့ပြင် Doaru White Foundation Cream Q10 plus ကို အသစ်ထပ်မံထုတ်လုပ်ထားရာ အသက် ၂၅ နှစ်နှင့် အထက်အမျိုးသမီးများအတွက် အသစ်ထပ်မံထုတ်လုပ်ထားသည့် အသားအရေထိန်း မိတ်ကပ်ရည်ဖြစ်ကြောင်း၊ Q10 ၏ အစွမ်းကြောင့် မျက်နှာအသားအရေကို စိုပြည်တင်းရင်း နုးညံ့စေပြီး အိုမင်းရင့်ရော်ခြင်းကို အဓိက ကာကွယ်ပေးကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၈ (စနေနေ့)

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလဆန်း ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၈း၀၀ ၄။ Orchard Families(Part-1) Orchard Families(Part-2)
- ၈း၃၀ ၅။ International News
- ၉း၀၀ ၆။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁း၃၅ ၂။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၀၅ ၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၁၇)**
- ၁၂း၄၅ ၄။ "ဒါဒို့ရွာ"
- ၂း၄၅ ၅။ International News
- ၃း၀၀ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၆း၀၀ ၂။ ညနေခင်းသတင်း
- ၆း၃၀ ၃။ မိုးလဝသအခြေအနေ
- ၇း၃၀ ၄။ "စိတ်အားထက်သန်ဆန္ဒအမှန်"
- ၇း၅၀ ၅။ "ဗုဒ္ဓဘာသာ သာသနာရောင်ဝါနေသို့ လင်းစေသောဝ်"
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- ၉။ "သပြေကုန်းရွာမှရွှေအပြုံးများ"
- ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၅)**
- ၁၁။ အစီအစဉ်ပြီး၏။

လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မလှိုင်မြို့နေ ဦးထင်အောင်ကျော်-ဒေါ်နှင်းဆီတို့၏ သားငယ်

ဗိုလ်ကြီးမင်းမင်းလတ် B.C.Sc(D.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်တာဝါနေ

ဦးကျော်မြင့်-ဒေါ်ခင်သန်းဝင်း တို့၏ တစ်ဦးတည်းသောသမီး

မစုသက်ကျော်(ခ)စုစု Final Year(Myanmar)

တို့၏ ၇-၄-၂၀၀၈ ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်အားလည်းကောင်း၊ သက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးစိုးမြင့်[အထွေထွေမန်နေဂျာ(ငြိမ်း) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန]နှင့် ဇနီး ဒေါ်တင်စိန်၊ ဦးဝင်းထွန်းနှင့်ဇနီး မခင်စန္ဒာကျော်တို့အားလည်းကောင်း၊ ၁၁-၄-၂၀၀၈ ရက်နေ့တွင် ရန်ကုန်မြို့ Traders Hotel(Myanmar Ball-room) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဦးပေါ်လွင်စိန်(ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေးနှင့်သုတေသန နိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်ခင်မိမိဝင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခ ဦးသိန်းထွန်း[(ပါမောက္ခ/ဌာနမှူး)နား၊ နှာခေါင်းနှင့်လည်ချောင်း အထူးကုဆရာဝန်ကြီး]နှင့် ဒေါက်တာဒေါ်စီစီမာတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ဒုတိယဗိုလ်မှူးကြီးစံရွှေထွန်းနှင့် ဇနီး ဒေါ်နီလာစောတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးကြသော ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)၊ ဇနီး ဒေါ်မြင့်မြင့်ခင်၊ ဒုတိယဗိုလ်မှူးကြီးသန်းအောင်၊ ဇနီး ဒေါ်စန္ဒာဆွေ (စန္ဒီချစ်စု)၊ ဒေါ်ယဉ်ယဉ်မြင့်(ဒု-ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေးနှင့်သုတေသနနိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မေတ္တာဖြင့် မင်္ဂလာစိန်လက်ဝတ်ရတနာဆင်မြန်းပေးသော ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီး ဒေါက်တာ ဒေါ်သက်သက်ခိုင်(ရွှေနန်းတော် စိန်ရွှေရတနာဆိုင်)တို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ အင်ပါယာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မိတ်ကပ်ကျော်မိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေး၍ အဘက်ဘက်မှကူညီပေးသော ဒီဇိုင်နာသွင်စုထွေး၊ ပန်းအလှပြင်ဆင်သူ လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မော်ဒယ်သီရိရှင်းသန့်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာစိန်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မော်ဒယ်လူလူပိုင်မှူး၊ သတို့သားအရံ ဗိုလ်ကြီးဉာဏ်ဝင်းအောင်နှင့် ဗိုလ်ကြီးရဲဝင်းထွန်း၊ သတို့သမီးအရံ မငြိမ်းစုကျော်နှင့် မဖူးပွင့်စုမွန်၊ Traders Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းမင်းလတ်-မစုသက်ကျော်(ခ)စုစု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဗိုလ်မှူးမောင်မောင်)-ဒေါ်ခင်ဆွေလွင်

(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)တို့၏သားကြီး

ဗိုလ်ကြီးစည်သူမောင်မောင် B.C.Sc(D.S.A), M.C.Sc(Thesis)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးခင်အုန်း၊ ဒု-ညွှန်ကြားရေးမှူး၊

ချင်းပြည်နယ်စာရင်းရုံး)-ဒေါ်ခင်စန်းမြင့်(စာရင်းစစ်မှူး၊ငြိမ်း)တို့၏သမီးငယ်

မစုစံသာအုန်း (B.B.A)

တို့သည် ၁၈-၄-၂၀၀၈ နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးစည်သူမောင်မောင်-မစုစံသာအုန်း

ဧပြီ ၁၈ ရက်က ရန်ကုန်ကလေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသခံနေကြသည့် ကလေးငယ်များအတွက် နှစ်ဖက်သောမိဘများအားအမှူးပြု၍ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်နိုင်းနိုင်းနှင့် ဇနီး မစန္ဒီချိုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ်ခုနစ်သိန်း၊ အောက်ဆီဂျင်အလုံး ၃၀ အတွက် ငွေကျပ်တစ်သိန်းငါးသောင်းနှင့် ဧပြီ ၁၈၊ ၁၉ နှစ်ရက်အတွက် အာဟာရအလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကလေးဆေးရုံအုပ်ကြီးကိုယ်စား ဆေးရုံအုပ် ဒေါက်တာဒေါ်ခင်ခင်အေး လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (ကြေးမုံ)

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● အခြေခံ ဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

● ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်တို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၈

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ဧပြီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် ကျိုင်းတုံမြို့နှင့် ဟားခါးမြို့တို့၌ ကျင်းပကြသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ✳



ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှုသရုပ်ပြကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

"ရောဝတီရဲ့ နဝရတ်လည်ဆွဲရတနာ (သို့မဟုတ်) ရောဝတီတံတား (ရတနာပုံ)"

ရွှေလင်းအောင်၏ ဆောင်းပါး စာမျက်နှာ-၄-၅

"မှ တစ်ပါး အခြားမရှိပါ"

မောင်အောင်(မွေး/ကု)၏ ဆောင်းပါး စာမျက်နှာ-၆

အခြေခံ ဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။